# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အတ္တဝဂ်(ဓမ္မပဒ-၁၅၇)


၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 16 January 2024 ၁၁၃၄၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုး မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး ၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက် သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်း ရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာ စေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန် အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိ စေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရ အား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။



ဓာတ်ပုံ - မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

## ပုဂံဒေသရှိဘုရားများ၌ ညောင်ပင်များ၊ ပေါင်းမြက်များ ရှင်းလင်းဆောင်ရွက်လျက်ရှိရာ ဇွန်လတွင် ဇုန် ၁၁ ခုလုံး အပြီးဆောင်ရွက်ရန် ရည်မှန်းထား

ရန်ကုန် ဇန်နဝါရီ ၁၅

ပြည်တွင်း၊ ပြည်ပခရီးသွား လာရောက်လည်ပတ်မှုများသည့် ပုဂံဒေသရှိဘုရားများ၌ ညောင်ပင်များ၊ ပေါင်းမြက်များ ရှင်းလင်းဆောင်ရွက် လျက်ရှိရာ ဇွန်လတွင် ဇုန် ၁၁ ခုလုံး အပြီးဆောင်ရွက်ရန် ရည်မှန်းထားကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းက ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## City Taxi ယာဉ်များ ဘေးနှစ်ဖက်ကိုယ်ထည် အဝါရောင်လိုင်း Sticker တပ်ဆင်မှု ၈၆ ရာခိုင်နှုန်းပြီးစီး

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည် တင်ဆောင်ပြေးဆွဲလျက်ရှိသည့် City Taxi ယာဉ်များ ဘေးနှစ်ဖက်ကိုယ်ထည်တွင် အဝါရောင်လိုင်း Sticker တပ်ဆင်ရန် ညွှန်ကြားထားရာ ဇန်နဝါရီ ၁၅ ရက်အထိ စာရင်းများအရ အဝါရောင်လိုင်း Sticker တပ်ဆင်ပြီးစီးမှု ၈၆ ရာခိုင်နှုန်း တပ်ဆင်ပြီးစီး နေပြီဖြစ်ပြီး ခန့်မှန်းယာဉ်အစီးရေ ၅၀၀၀၀ အထိရှိပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှု ကော်မတီ (YRTC)မှ သိရသည်။

City Taxi ယာဉ်များအား အခြားသော ယာဉ်များနှင့် ကွဲကွဲပြားပြား၊ ထင်သာမြင်သာ ရှိစေရန်၊ လုံခြုံမှုရှိစေရန်၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန်နှင့် နိုင်ငံတကာ Taxi ယာဉ်များနည်းတူ “City Taxi ယာဉ်များ ၏

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍



ဘေးနှစ်ဖက်ကိုယ်ထည်တွင် အဝါရောင်လိုင်း Sticker တပ်ဆင်ပြေးဆွဲနေသည့် City Taxi ယာဉ်များကို တွေ့ရစဉ်။

**ယနေ့ ဖတ်စရာ**

National ICT Award 2023 (Projects & Skills Competition) နောက်ဆုံးအဆင့်ပြိုင်ပွဲ ကျင်းပ



စာမျက်နှာ » ၅

ကျွန်တော်တို့နိုင်ငံဟာ ဗုဒ္ဓဘာသာကို အထွတ်အမြတ်ထား ကိုးကွယ်တဲ့နိုင်ငံဖြစ်တဲ့အတွက်ကြောင့် အခုလို မြတ်ဗုဒ္ဓရဲ့ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတာက ကျွန်တော်တို့အတွက် ထူးကဲတဲ့လာဘ်တစ်ပါး ဖြစ်ပါတယ်

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၁

ဗီယက်နမ်နိုင်ငံက ၂၀၂၄ ခုနှစ်တွင် ပို့ကုန်များကို ခြောက်ရာခိုင်နှုန်းအထိ တိုးမြှင့်တင်ပို့ရန် ရည်မှန်းထား

စာမျက်နှာ » ၁၃

ကြေးမုံ

# တိုင်းပြည်ကောင်းကျိုးဖြစ်ထွန်းရေးကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မတူကွဲပြားသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးသည် နှစ်ကာလရှည်လျားစွာ ကမ္ဘာ့အလယ်တွင် တည်တည်ငြိမ်ငြိမ် သိက္ခာရှိရှိ နေထိုင်လာခဲ့ကြသည်။ သို့သော် မတရားကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲပြီး မြန်မာတစ်နိုင်ငံလုံး ကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့ရသည်။ ကိုလိုနီလက်အောက် နှစ်ပေါင်းတစ်ရာကျော်ကာလအတွင်း ကုပ်သွေးစုပ်အမြတ်ထုတ်သွေးခွဲအုပ်ချုပ်ခြင်းခံခဲ့ရသည်။

နှစ်ပေါင်းတစ်ရာကျော်သွေးခွဲအုပ်ချုပ်ခဲ့သည့်ဆိုးမွေတို့ကို လွတ်လပ်ရေးရပြီးနှစ်ပေါင်း ၇၀ ကျော်ကြာအောင် ခံစားနေရဆဲဖြစ်သည်။ ကိုလိုနီလက်အောက်ဖိနှိပ်အုပ်ချုပ်မှုအောက်မှ တိုင်းရင်းသားပြည်သူအားလုံးက မျိုးချစ်စိတ်ဓာတ်ဖြင့်အသက်သွေးချွေးပေါင်းများစွာပေးဆပ်ပြီး တိုက်ပွဲဝင်ခဲ့သော်လည်း လွတ်လပ်ရေးရရှိသောအခါ သွေးခွဲအုပ်ချုပ်ခဲ့သည့်အမွေဆိုးကြောင့် ပြည်ထောင်စုကြီးအတွင်းတိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲကာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ယနေ့ထက်တိုင်အောင် ဖြစ်ပေါ်လျက်ရှိသည်။

အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် လက်နက်ကိုင်ပဋိပက္ခများဖော်ဆောင်နေခြင်း၊ ဆူပူအကြမ်းဖက်၊ ဖျက်ဆီးနှောင့်ယှက် တိုက်ခိုက်မှုများကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ ဒုက္ခများစွာခံစားနေကြရသည်။ ထို့အပြင် လက်နက်ကိုင်အဖျက်လုပ်ရပ်များကြောင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါ ပျက်ပြားလာသည့်အပြင် နိုင်ငံအတွက်ပါ အန္တရာယ်ရှိလာနိုင်သဖြင့် သက်ဆိုင်သူအားလုံးနှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးဖြစ်ထွန်းလာအောင် အလေးအနက်ထားစဉ်းစားဆောင်ရွက်သင့်သည့်အချိန်ကာလဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူများသည် အကျိုးစီးပွားဖြစ်ထွန်းရေးဆောင်ရွက်ခြင်းသာမက ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင်ဆောင်ရွက်ခြင်း၊ မြို့ရွာများကို တိုက်ခိုက်ခြင်း၊ ကုန်စည်စီးဆင်းမှုနှင့် သွားလာဆက်သွယ်မှုပြတ်တောက်အောင် လမ်း၊ တံတားများကို မိုင်းထောင်ဖျက်ဆီးခြင်းတို့အပြင် အများပြည်သူပိုင်ယာဉ်၊ အဆောက်အအုံ၊ ဈေး၊ ကျောင်းများဖျက်ဆီးခြင်း၊ ဘုန်းတော်ကြီးကျောင်း၊ ခရစ်ယာန်ကျောင်း၊ စာသင်ကျောင်း၊ ရုံးအဆောက်အအုံစသည်တို့ကို ဖျက်ဆီးခြင်းသည် လွန်စွာအကျည်းတန်အရုပ်ဆိုးပြီး ဒေသခံပြည်သူများ စိတ်နှလုံးထိခိုက်မှုကိုဖြစ်စေသည်။

“မိမိတို့ ပြည်ထောင်စုဖွားတိုင်းရင်းသားများအနေဖြင့် မတူညီသော မိမိတို့ဆန္ဒများကို ရှေ့တန်းတင်ဆောင်ရွက်နေမည်ဆိုပါက အချင်းချင်းအကြား မပြေလည်မှုများ၊ ပဋိပက္ခများဖြင့် တည်ငြိမ်အေးချမ်းမှုကင်းမဲ့ကာ ဆင်းရဲဒုက္ခများကိုဆက်လက်ရင်ဆိုင်နေကြရမည်သာဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အတွင်းဖြစ်ပေါ်နေသောအခြေအနေများကို မှန်မှန်ကန်ကန်ရှုမြင်ပြီး ကောင်းကျိုးများဖြစ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်” ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၇၂)နှစ်မြောက် ကယားပြည်နယ်နေ့သို့ ပေးပို့သည့်သဝဏ်လွှာတွင် အသိပေးထားသည်။

လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ကောင်းကျိုးဖြစ်ထွန်းလာမည်မဟုတ်သကဲ့သို့ နိုင်ငံတော်အတွက်ပါ အန္တရာယ်ဖြစ်စေနိုင်သည်ကို သတိထားဆင်ခြင်သင့်သည်။ တိုင်းရင်းသားပြည်သူအားလုံး၏ဆန္ဒနှင့် မျှော်လင့်ချက်မှာ အေးချမ်းစွာနေထိုင်နိုင်ရေးဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်မှုများကို မည်သူတစ်ဦးတစ်ယောက်မျှ မလိုလားပေ။ အေးချမ်းသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေရေး အဆင်ပြေစေရေးတို့ကို လိုလားကြသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ တိုင်းရင်းသားပြည်သူများ အေးချမ်းစွာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ကာ လူမှုစီးပွားဘဝ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် ပြည်ထောင်စုအရေး၊ နိုင်ငံရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး၏အရေးကို အလေးထားပြီး တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲညီစွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် အကောင်အထည်ဖော်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူများလိုလားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို မမိုတ်မသုန်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ တိုင်းပြည်နှင့်တိုင်းရင်းသားပြည်သူများကို ထိခိုက်ပျက်စီးစေသည့် အကြမ်းဖက်သောင်းကျန်းမှုလုပ်ငန်းများကို ဝိုင်းဝန်းဆန့်ကျင်ကြကာ လက်ရှိမြန်မာနိုင်ငံအတွင်းဖြစ်ပေါ်နေသည့် အခြေအနေများကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ပြီး တိုင်းပြည်ကောင်းကျိုးများကို ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## စည်းလုံးခြင်းသည် အင်အား ပြည်ထောင်စု၏ စွမ်းပကား။

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၅ - ၁ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၉၀၀ | ၁,၃၀၈ | ၁၁,၃၈၀,၀၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၃၂၄ | ၉၀၈,၃၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၁၅၂ | ၂၃၅,၆၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၁ | ၂,၅၀၀ |
| EFR | ၁,၉၅၀ | ၂,၀၀၀ | ၃၁၀ | ၆၀၅,၀၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၀ | ၀ |
| MAEX | ၁,၇၅၀ | ၁,၇၀၀ | ၂,၃၈၂ | ၄,၀၅၈,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄)ကို ယနေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၁)၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်၏ လှည့်ပတ်ရန်ပုံငွေကျပ် ဘီလီယံ ၅၀ ပြန်လည်ပေးဆပ်ပြီးစီးမှုအခြေအနေ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အထွေထွေပိုလျှံရန်ပုံငွေမှ ထုတ်ပေးထားသည့် ငွေကျပ်ဘီလီယံ ၁၅၀ မှ ငွေကျပ် ၁၀ ဘီလီယံ စုစုပေါင်းငွေကျပ် ၆၀ ဘီလီယံကို ပြန်လည်ပေးဆပ်ပြီးစီးမှုအခြေအနေ၊ ချေးငွေအရင်း ပြန်လည်ကောက်ခံရေးလုပ်ငန်းစဉ်များကို တိုင်းဒေသကြီး/ပြည်နယ်စိစစ်ကြပ်မတ်ရေးအဖွဲ့များက ကြိုးပမ်းဆောင်ရွက်မှုအခြေအနေ၊ ချေးငွေသက်တမ်း သုံးနှစ်ပြည့်မြောက်ပြီးသည့် လုပ်ငန်းရှင်များက ချေးငွေပြန်လည်ပေးဆပ်မှုအခြေအနေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍမှ လုပ်ငန်း ၈၇၉ ခုအနေဖြင့် အတိုးများအားကာလစေ့ရောက်သည့်နေ့တွင် ပေးဆပ်ထားပြီးဖြစ်ပါကြောင်း၊ ချေးငွေကို ရည်ရွယ်ချက်အတိုင်း ထိရောက်စွာ ဆောင်ရွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိပါက ချေးငွေသက်တမ်း နှစ်နှစ် စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ်တစ်နှစ် ထပ်မံတိုးမြှင့်ပေးသွားမည့် အခြေအနေတို့ကို ဆွေးနွေးသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ချေးငွေစိစစ်ကြပ်မတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပြည်နယ်/ တိုင်းဒေသကြီးအလိုက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းများမှ အတိုးအရင်းကောက်ခံရရှိမှုနှင့် သက်ဆိုင်ရာဌာနများ၊ ချေးငွေကြီးကြပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

**ညှိနှိုင်းဆွေးနွေး**

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက ကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ သက်တမ်းစေ့ပြီး ချေးငွေပြန်လည်ကောက်ခံရေးအစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊ ဌာနဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

☆ **ရှေ့ဖုံးမှ**

ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘုရားများအပေါ်၌ ပေါက်နေသည့် ပေါင်းမြက်များအပြင် ညောင်ပင်များ၊ လိုဏ်ဂူအတွင်းပိုင်းရှိ ဘုရား၊ ဆင်းတုတော်များ၏ သန့်ရှင်းရေးလုပ်ငန်းများကိုပါဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါရှင်းလင်းရေးလုပ်ငန်းများကို ၂၀၂၃ ခုနှစ် ဇူလိုင် ၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိကာလ၌ ဧရိယာသုံးခုတွင် ၁၀၀ ရာခိုင်နှုန်း ရှင်းလင်းဆောင်ရွက်ပြီးစီးနေပြီး ကျန်ဧရိယာသုံးခုကို ထပ်မံဆောင်ရွက်နေရာတွင် ၃၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဟု သိရသည်။

"ယဉ်ကျေးမှုဒေသကြီးကို အပိုင်း ၁၁ ပိုင်းအဖြစ် ဧရိယာပိုင်းလိုက်တယ်။ ၂၀၂၃ ခုနှစ် ဇူလိုင် ၄ ရက်ကနေစပြီး ဆောင်ရွက်လာတာ အခုဆိုရင် ဧရိယာသုံးခုကတော့ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးသွားပြီ။ ကျန်သုံးခု ဆောင်ရွက်နေတဲ့ဟာက ၃၀ ရာခိုင်နှုန်းလောက်ပြီးနေပြီ။ ကျန်တဲ့ဧရိယာ ငါးခုကိုလည်း ဆက်ပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရည်မှန်းချက်အနေနဲ့ကတော့ ၂၀၂၄ ခုနှစ် ၆ လပိုင်းမှာ အပြီးဆောင်ရွက်သွားဖို့မှန်းထားပါတယ်"ဟု ၎င်းက ပြောကြားသည်။

ဘုရား၊ စေတီ၊ ပုထိုးများ၏ ပေ ၂၀ ပတ်လည်ရှိ ရှေးဟောင်းအဆောက်အအုံများကို အန္တရာယ်ဖြစ်စေသည့် အပင်များကိုလည်း ခုတ်ထွင်ရှင်းလင်းရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီမှာခါတိုင်းနှစ်တွေနဲ့မတူဘူး။ ရာသီဥတုကပြောင်းလဲလာတဲ့အခါမှာ မိုးများတော့ ဘုရားတွေပေါ်မှာ အပင်တွေပေါက်တာများတယ်။ အပင်တွေသန်တယ်။ တစ်ခါရှင်းပြီးသွားရင်လည်း အုတ်ကအစိုဓာတ်ရှိနေသေးတော့ အပင်တွေထပ်ပေါက်တော့ ထပ်ရှင်းရတယ်။ အပင်တွေ ရှင်းပြီးသွားလို့ သုံးပတ်၊ လေးပတ်လောက်အတွင်းမှာကို ပြန်ပေါက်ပါတယ်။ ဒီနှစ်မှာဆိုရင် အပြန်ပြန်အလှန်လှန်ရှင်းပေးနေရတယ်။ မိုးပြတ်တာတောင် အုတ်တွေကနေစုပ်ယူထားတဲ့ ရေဓာတ်တွေကမကုန်တဲ့အပြင် ဆောင်းဝင်လာတော့ ဆောင်းရဲ့အအေးဓာတ်နဲ့ ထပ်ရှိနေသေးတော့ အပင်တွေက ပေါက်အားများတယ်။ ညောင်ပင်တွေဆိုလည်း ဆေးထိုးသတ်ရတယ်"ဟု ၎င်းကဆိုသည်။ ပုဂံဒေသသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဝင်ရောက်မှုများလည်း ရှိနေပြီး လမ်းကောင်းမွန်ရေး၊ ဘုရားများကိုလည်း ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်ချက်ပေးထားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြပ်မတ်မှုဖြင့် ဌာနဆိုင်ရာများပူးပေါင်း၍ ရဟန်း၊ သံဃာတော်များ ဦးဆောင်သည့် ပရဟိတအဖွဲ့များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**MT**



ဘေးနှစ်ဖက်ကိုယ်ထည်တွင် အဝါရောင်လိုင်း Sticker တပ်ဆင်ပြေးဆွဲနေသည့် City Taxi ယာဉ်များကို တွေ့ရစဉ်။

❍ **City Taxi ယာဉ်မှ**

ဘေးနှစ်ဖက် ကိုယ်ထည်တွင် အဝါရောင်လိုင်း ထည့်သွင်းသတ်မှတ်ရန်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသည့် Taxi ယာဉ်များအားလုံး အကျုံးဝင်ဆောင်ရွက်သွားရန်" ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် ပြုလုပ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၅/၂၀၂၃) ဆုံးဖြတ်ချက်အပိုဒ် -၇(က) အရ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ City Taxi ယာဉ်များတွင် အဝါရောင်ဘေး Sticker ကပ်ခြင်း လုပ်ငန်းကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ယခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ပညာပေးကာလအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန စာရင်းများအရ ရန်ကုန်တက္ကစီမှတ်ပုံတင်အစီးရေ ၅၈၄၈၁ စီးရှိကြောင်း သိရသည်။ YRTC ၏ သုတေသနစစ်တမ်းများအရ City Taxi ယာဉ်များ ဘေးနှစ်ဖက်ကိုယ်ထည်တွင် အဝါရောင်လိုင်း Sticker တပ်ဆင်ပြီးစီးမှု ၈၆ ရာခိုင်နှုန်းတပ်ဆင်ပြီးစီးနေပြီဖြစ်ပြီး ခန့်မှန်းယာဉ်အစီးရေ ၅၀၀၀၀ အထိတပ်ဆင်ပြီးစီးပြီဖြစ်သည်။ အဝါရောင်လိုင်း Sticker တပ်ဆင်ရန် ကျန်ရှိမှု ၁၄ ရာခိုင်နှုန်း၊ တက္ကစီအစီးရေ ၈၀၀၀ ခန့် တပ်ဆင်ရန် ကျန်ရှိနေသေးကြောင်း သိရသည်။ နယ်အသီးသီးမှ တက္ကစီယာဉ်များလည်း ရန်ကုန်စီးတီးတက္ကစီများနည်းတူ City Taxi ယာဉ်များ၏ ဘေးနှစ်ဖက်ကိုယ်ထည်တွင် အဝါရောင်လိုင်း Sticker တပ်ဆင်ရမည်ဖြစ်ကြောင်း YRTC မှ ထုတ်ပြန်ထားချက်အရ သိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် အဝါရောင်လိုင်း Sticker တပ်ဆင်ရန်ကျန်ရှိသော City Taxi ယာဉ်များအားလုံး ယခုနှစ် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထားတပ်ဆင်ရန်နှင့် တပ်ဆင်ခြင်းမရှိပါက လာမည့်ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၉၆ အရ စစ်ဆေးအရေးယူခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) မှ အသိပေးထုတ်ပြန်ထားချက်အရ သိရသည်။

**ပွင့်သစ္စာ**


## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ်များအား ငါးနှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ IPRD.CRD.YGN@GMAIL.COM သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရွှေကြိုလူငယ်မောင်မယ်များ လေ့ကျင့်ဆောင်ရွက်နေမှု၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံနှင့် စာဆိုဗိမာန်တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ လေ့ကျင့်ဆောင်ရွက်နေသည့် ရွှေကြိုမောင်မယ်များအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

ရန်ကုန် ဇန်နဝါရီ ၁၅

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွင် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ၌ ပါဝင်ဆောင်ရွက်ကြမည့် ရွှေကြိုလူငယ်မောင်မယ်များ လေ့ကျင့်ဆောင်ရွက်နေမှုကို လည်းကောင်း၊ ဗဟန်းမြို့နယ် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတွင် ကျောင်းသုံးစာအုပ်များ ပုံနှိပ်ဆောင်ရွက်နေမှုနှင့် မင်္ဂလာတောင်ညွန့် မြို့နယ်တွင် တည်ဆောက်မည့် စာဆိုဗိမာန် အဆောက်အအုံ မြေနေရာတို့ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ လေ့ကျင့်ဆောင်ရွက်နေသည့် ရွှေကြိုမောင်မယ်များအား သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားရာတွင် ယနေ့သည်မြန်မာ့ရုပ်ရှင်လောကအတွက် အနုပညာရှင်များ အားသစ်လောင်းသည့် နေ့တစ်နေ့ဟု ပြောလိုပါကြောင်း၊ ရွှေကြိုမောင်မယ်များသည် လူငယ်များဖြစ်သည့်အတွက် နိုင်ငံတော်က အားကိုးအားထားပြုနိုင်သည့် လူငယ်လူရွယ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စိတ်ဓာတ်ပိုင်း၊ ကိုယ်ကျင့်တရားပိုင်း ကောင်းမွန်စေရန် ယခုကတည်းက ဖြည့်ကျင့်ဆောင်ရွက်ကြ စေလိုကြောင်း၊ နိုင်ငံတော်အစိုးရက လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များ ပါဝင်နိုင်ရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့သည် နောင်တစ်ချိန်တွင် အောင်မြင်သည့် အနုပညာရှင်များဖြစ်စေရမည်ဆိုသည့် ယုံကြည်ချက်၊ ခံယူချက်များဖြင့် ကြိုးစားဆောင်ရွက်ရန်လိုသကဲ့သို့ ဥပဒေစည်းကမ်းများကိုလည်း လေးစားလိုက်နာရန်လိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံကိုအကျိုးပြုသည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။

အချို့အနုပညာရှင်များသည် အောင်မြင်မှုကို အခွင့်ကောင်းယူ၍ ပြည်သူများအပေါ် မလျော်မကန်ပြုကျင့်ဆောင်ရွက်မှုများ၊ နိုင်ငံ့အကျိုး၊ လူမျိုးအကျိုးကို အလေးမထားဘဲ မာန်မာနထောင်လွှားကာ ရုပ်တည်လှုပ်ရှားနေမှုများကို တွေ့မြင်နေရ၍ လွန်စွာ စိတ်မကောင်း ဖြစ်မိပါကြောင်း၊ ၎င်းတို့အား သင်ခန်းစာယူ၍ ကိုယ်ကျင့်သိက္ခာ ကောင်းမွန်ပြီး ရုပ်ရှင်လောကကို ကောင်းကျိုးပြုနိုင်မည့် အနာဂတ်မျိုးဆက်သစ်လူငယ်များ ဖြစ်ပေါ်လာစေရန် ကြိုးစားကြစေလိုကြောင်း ပြောကြားကာ ရွှေကြိုလူငယ်မောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသို့ သွားရောက်၍ ကျောင်းသုံးပုံနှိပ်စာအုပ်များ ရိုက်နှိပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပုံနှိပ်ဆောင်ရွက်နေသည့် လုပ်ငန်းများ အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပုံနှိပ်အရည်အသွေး ကောင်းမွန်ရေးနှင့် သက်ဆိုင်ရာနယ်မြေများသို့ အချိန်မီပို့ဆောင်ရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြန်ကြားရေး ဝန်ကြီးဌာနကိုယ်စား ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ဗိုလ်တထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်(မြေတိုင်းရပ်ကွက် ၁၈-အေ)ရှိ မြေဧရိယာ ၃၁ ဒသမ ဝ၈၉ ဧက အနက်မှ စာဆိုဗိမာန် အဆောက်အအုံ သုံးထပ်(RC) တည်ဆောက်မည့် မြေဧရိယာ ၂ ဒသမ ၁၈ ဧက မြေနေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူရေးဆွဲပေးထားသည့် စာဆိုဗိမာန်အဆောက်အအုံ သုံးထပ်(RC) ဒီဇိုင်းပုံစံငယ်နှင့် မြေနေရာ အကျယ်အဝန်းနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံဟောင်းများစာရင်းတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြုချီးမြှင့်ရာ ရောက်စေမည့် စာဆိုဗိမာန် တစ်ခုအောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပြုထားသည့်အတွက် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

အဆိုပါ စာဆိုဗိမာန်အဆောက်အအုံ သုံးထပ်(RC)အား အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီ အထောက်အပံ့ဖြင့် တည်ဆောက်နိုင်ရေး ကနဦး သဘောတူညီမှုရရှိထားပြီဖြစ်သည့်အတွက် အိန္ဒိယနိုင်ငံအစိုးရနှင့် မကြာခင်ကာလအတွင်း စီမံကိန်းသဘောတူညီမှုစာချုပ် ချုပ်ဆို ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆောက်အအုံတည်ဆောက်ရာ၌ ကုန်ကျမည့် ခန့်မှန်းတန်ဖိုးငွေကျပ်မှာ ၇၉၁၈ ဒသမ ၈၃၃ သန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ စာဆိုဗိမာန် အဆောက်အအုံ တည်ဆောက်မည့်မြေနေရာအား ကြည့်ရှုစဉ်။

# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ငါးအုပ် သို့မဟုတ် ငါးစောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း နှစ်အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ နှစ်အုပ်နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ တစ်အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ငါးအုပ် သို့မဟုတ် ငါးစောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ(၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | ငွေရှာနည်းစိတ်ပညာ | Dr. Phyo Min Tun | ဦးနေမျိုးညွန့်<br>စာပေလောကစာအုပ်တိုက် |
| ၂။ | အလဲအလှယ်(လိုတရနှင့်<br>အခြားဝတ္ထုတိုများ) စတုတ္ထအကြိမ် | မေတ္တာရှင်<br>(ရွှေပြည်သာ) | ဦးစိုးမြင့်၊ ရွှေပြည်သာစာပေ |
| ၃။ | မုန်တိုင်းကြားက နှင်းဆီနီ | စုဟန်နီ | ဦးအာကာကျော်၊ လမ်းပြကြယ်စာပေ |
| ၄။ | အမှောင်နှစ်တွေထဲက သင်ခန်းစာ | စီစီလီယန် | ဦးဝင်းသူရလွင်၊ အိပ်မက်အသစ်စာပေ |
| ၅။ | ဝတ်မှုန်သစ် ပြေးလမ်းကဗျာများ | မြတ်မိုးလတ် | ဦးသန်းဝင်း၊ ပွင့်ပန်းသစ္စာစာပေ |
| ၆။ | မောင်ကိုကို ဝတ္ထုတိုပေါင်းချုပ် | မောင်ကိုကို အမရပူရ | ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ |

**ပြန်ကြားရေးဝန်ကြီးဌာန**

# ပဲခူးတိုင်းဒေသကြီး သမဝါယမကဏ္ဍက ငါးများ မွေးမြူထုတ်လုပ်

ပဲခူး ဇန်နဝါရီ ၁၅

သမဝါယမကဏ္ဍက ရေထွက်ကုန်ပစ္စည်းများကို စားသုံးသူပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေးအတွက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ကေတုမတီ ငါးကုန်ထုတ်သမဝါယမအသင်းနှင့် သဲကုန်းမြို့နယ်ရှိ ချမ်းမြေ့ငါးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းတို့၏ အသင်းပိုင် ငါးကန်များ၌ ငါးကြင်း၊ ငါးမြစ် ချင်း၊ ငါးမုတ်၊ ငါးတန်၊ ငါးခေါင်းပွ၊ ငါးခုံးမနှင့် ရွှေဝါငါးမျိုးများ မွေးမြူထားရှိသည်။

အဆိုပါ အသင်းပိုင်ငါးကန်များမှ ၂၀၂၃ ခုနှစ် ဧပြီလမှ ယနေ့ထိ ဖော်ထုတ်ရရှိသည့် ငါးမျိုးစုံပိဿာချိန် ၁၄၄၈၈၅ တန်ဖိုးအားဖြင့် ငွေကျပ်သန်း ၆၉၁ ဒသမ ၁၈၇၀ ကို စားသုံးသူပြည်သူများ ဝယ်ယူစားသုံးနိုင်စေရန် လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဆေးဝါးစက်ရုံ(အင်းစိန်) ဝန်ထမ်းများနှင့် တွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဗုဒ္ဓတက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒအား ဖူးမြော်ကြည်ညိုကာ သက်ံန်းပရိက္ခရာများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

**တွေ့ဆုံ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ(အင်းစိန်)သို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူး၊ ဌာနကြီးမှူးများနှင့် တွေ့ဆုံကာ ပြည်သူများအတွက် လိုအပ်သောဆေးဝါးများ ဖြည့်ဆည်းပေးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ ပြည်ပမှ ဆေးဝါးတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်၊ စက်ရုံ၌ ရှိပြီးဖြစ်သည့် နည်းပညာများ တိမ်ကောပျောက်ပျက်မှုမရှိစေရေး ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ရန်နှင့် မျိုးဆက်သစ်လူငယ်များကိုလည်း လေ့ကျင့်သင်ကြားမွေးထုတ်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်မည့် စက်အရန်ပစ္စည်းများကို ကြိုတင်ဝယ်ယူဖြည့်တင်းထားရန်၊ ဈေးကွက်အတွင်း လိုအပ်သောဆေးဝါးများ ထုတ်လုပ်ပေးနိုင်ရေးအတွက် ဈေးကွက်သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးလုပ်ငန်းစဉ်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ လူမှုတာဝန်သိမှုလုပ်ငန်း (Corporate Social Res-ponsibility – CSR) များကို ဆောင်ရွက်ပေးရန် မှာကြား၍ ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဟာဝိဇ္ဇာ(ယဉ်ကျေးမှုအမွေအနှစ်ပညာ)နှင့် မဟာဝိဇ္ဇာ(ပြတိုက်ပညာ) သင်တန်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းစည်းဝေး



**ရန်ကုန် ဇန်နဝါရီ ၁၅**

မဟာဝိဇ္ဇာ(ယဉ်ကျေးမှု အမွေအနှစ်ပညာ)နှင့် မဟာဝိဇ္ဇာ (ပြတိုက်ပညာ) သင်တန်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပသည်။

အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ယခုအခါ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှု ပညာဌာနတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှ စတင်ကာ သင်တန်းကာလ လေးနှစ်ဖြင့် ဝိဇ္ဇာဘွဲ့ အပ်နှင်းမည့် သင်တန်းကို စတင်ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ဘာသာရပ်အလိုက် ထူးချွန်သည့် ကျောင်းသား ကျောင်းသူများ မဟာဝိဇ္ဇာဘွဲ့ ဆက်လက်တက်ရောက်နိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ မဟာဝိဇ္ဇာတန်းများတွင် သင်ကြားမည့်သင်ရိုးပြဌာန်းစာအုပ်များ ရရှိရေး၊ ခိုင်မာသည့် သင်ရိုးများရေးဆွဲ၍ သင်ကြားမည့် ဆရာ ဆရာမများ ရွေးချယ်သင်ကြားစေရေးကို သက်ဆိုင်ရာ တာဝန်ရှိသူများ ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်က အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ မဟာဝိဇ္ဇာ (ယဉ်ကျေးမှုအမွေအနှစ်ပညာ)နှင့် မဟာဝိဇ္ဇာ (ပြတိုက်ပညာ) သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းဖြည့်စွက်ဆွေးနွေးကြကာ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှုစစ်ဆေး**

အစည်းအဝေးအပြီးတွင် ဒုတိယဝန်ကြီးသည် ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုပညာဌာနသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စတုတ္ထအကြိမ် ရုပ်သံဖွံ့ဖြိုးမှု နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၁၅**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပပြုလုပ်မည့် စတုတ္ထအကြိမ် ရုပ်သံဖွံ့ဖြိုးမှု နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း(MAI)ဖြင့် ထွက်ခွာသွားရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ညွှန်ကြားရေးမှူး ဦးဇေယျာမင်း၊ လက်ထောက်အင်ဂျင်နီယာ ဦးထွေးအေးခိုင်၊ အငယ်တန်းအင်ဂျင်နီယာ(၁) ဦးဟိန်းထက်သူတို့ လိုက်ပါသွားကြောင်း သိရသည်။

**သတင်းစဉ်**



# National ICT Award 2023 (Projects & Skills Competition) နောက်ဆုံးအဆင့်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၅**

ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းကျင်းပသည့် National ICT Award 2023 (Projects & Skills Competition) အမျိုးသားအဆင့် အိုင်စီတီစွမ်းရည်ပြိုင်ပွဲကြီး၏ နောက်ဆုံးအဆင့် ပြိုင်ပွဲများကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါပြိုင်ပွဲသို့ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများမှ အလုပ်အမှုဆောင်များ၊ အကဲဖြတ်ဒိုင်များအဖြစ် ဖိတ်ကြားထားသော ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခများနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ပထမနေ့ပြိုင်ပွဲတွင် အလယ်တန်းအဆင့် ပြိုင်ပွဲဝင် ၁၀ ဦး၊ အထက်တန်းအဆင့် ပြိုင်ပွဲဝင် ခြောက်ဦးနှင့် ဆရာအဆင့်ပြိုင်ပွဲဝင် ငါးဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဒုတိယနေ့ပြိုင်ပွဲတွင် မူလတန်းအဆင့် ပြိုင်ပွဲဝင် ၂၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။



**အောင်မြင့်(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၂၀၈) သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၅**

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၀၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး) ဒေါ်မူမူမြင့်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၈၁ ဦး၊ သင်တန်းသူ ၂၈၃ ဦး စုစုပေါင်း ၄၆၄ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁၅ ရက်မှ မတ် ၂၂ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာ တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ အကြိုဂုဏ်ပြုဆောင်းပါး

# ခိုင်မာပြီး သုတေသနကျင့်ဝတ်နှင့်ပြည့်စုံသော သုတေသနကောင်းများကို တိုးမြှင့်ဆောင်ရွက်ကြပါစို့

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် "(၅၂)ကြိမ်မြောက်မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ"ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)တွင် ကျင်းပမည်ဖြစ်ပါသည်။

သုတေသနညီလာခံများ အစဉ်အလာမပျက် ကျင်းပခြင်းအားဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာများတိုးတက်လာပြီး ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း မြင့်မားလာစေရန်နှင့် သုတေသနတွေ့ရှိချက်များကို လက်တွေ့အသုံးချမည့်ကျန်းမာရေးပညာရှင်များ သိရှိဆွေးနွေးနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့်ကျင်းပသည့် ဤညီလာခံတွင် မြန်မာ့သုတေသီများ၏ ကျန်းမာရေးသုတေသနလုပ်ငန်းများမှ တွေ့ရှိချက်ရလဒ်များကို သုတေသနစာတမ်း၊ ပိုစတာများပုံစံဖြင့် တင်ပြသွားမည်ဖြစ်ပါသည်။

ညီလာခံကို စတင်ကျင်းပခဲ့သည်မှာ ၁၉၆၅ ခုနှစ်တွင်ဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်အထိ အခြေခံသုတေသနစာတမ်းများသာ တင်သွင်းဖတ်ကြားခဲ့သော်လည်း ၁၉၉၁ ခုနှစ်တွင် သုတေသနပိုစတာများပြသခြင်းနှင့် ၁၉၉၃ ခုနှစ်တွင် လက်တွေ့အသုံးချ သုတေသနစာတမ်းများကိုပါ ထည့်သွင်းဖတ်ကြားခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၂ ခုနှစ်တွင် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (Symposium) များကို ထည့်သွင်းကျင်းပခဲ့ခြင်းနှင့် (၄၅)ကြိမ်မြောက်သုတေသနညီလာခံမှစ၍ ညီလာခံ၏ အဓိက သုတေသနဦးတည်ချက်ခေါင်းစဉ် (Theme)အား သတ်မှတ်၍ဆောင်ရွက်ခဲ့ခြင်းများကိုလည်း တိုးမြှင့်ဆောင်ရွက်ခဲ့သည်။

**၂၀၁၀ ပြည့်နှစ်မှစ၍ လူငယ်သုတေသီဆုချီးမြှင့်**

သုတေသီပညာရှင်များ၏ သုတေသနအရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် သုတေသနပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုများကို အလေးထား အသိအမှတ်ပြုသောအားဖြင့် ၁၉၉၃ ခုနှစ်မှစ၍ အကောင်းဆုံးစာတမ်းဆုများ၊ အကောင်းဆုံးပိုစတာဆုများကို ရွေးချယ်ချီးမြှင့်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစ၍ လူငယ်သုတေသီဆုကိုပါ ချီးမြှင့်ခဲ့ပါသည်။

ကမ္ဘာတစ်ဝန်းရင်ဆိုင်ကြုံတွေ့ရသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် "(၄၉)ကြိမ်မြောက် သုတေသနညီလာခံ"ကို Virtual Congress အသွင်ဖြင့် လည်းကောင်း၊ "အကြိမ် (၅၀)မြောက် ရွှေရတုညီလာခံ"ကို Virtual နှင့် In-person ပူးတွဲလျက် Hybrid အသွင်ဖြင့်လည်းကောင်း ကျင်းပခဲ့ရပြီး ယမန်နှစ်မှစ၍ In-person ဖြင့် ပြန်လည်ကျင်းပခဲ့ပါသည်။



ကျန်းမာရေးဝန်ကြီးဌာန

(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်မှ ၂၆ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့

ယခုနှစ်အတွက် ကျန်းမာရေးဆိုင်ရာသုတေသနများဆောင်ရွက်ရာတွင် သုတေသီတို့အတွက် အရေးကြီးလှသော အလေးထားကျင့်သုံးရမည့် သုတေသနကျင့်ဝတ်များကို မီးမောင်းထိုးပြသနိုင်ရေးအတွက် "(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ" ၏ အဓိကသုတေသနဦးတည်ချက်ခေါင်းစဉ် (Theme) ကို "ခိုင်မာပြီးသုတေသနကျင့်ဝတ်နှင့် ပြည့်စုံသောသုတေသနကောင်းများကို တိုးမြှင့်ဆောင်ရွက်ကြပါစို့ – Enhancing Research Integrity and Research Ethics" ဟု သတ်မှတ်ထားရှိကာ ကျင်းပမည်ဖြစ်ပါသည်။

သုတေသနညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဆေးသုတေသနဦးစီးဌာနသည် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များကို သတ်မှတ်ထားရှိ၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စာတမ်းကြီးကြပ်ရေးဆပ်ကော်မတီသည် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၊ နိုင်ငံတက္ကသိုလ်များရှိသုတေသီပညာရှင်များက စာတမ်းများ တောင်းခံခြင်းကို ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်းမှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။ တင်သွင်းလာသော သုတေသနစာတမ်းများကို အခြေခံသုတေသနစာတမ်း (Basic Research)၊ အသုံးချသုတေသနစာတမ်း (Applied Research)၊ ကျန်းမာရေးစနစ်သုတေသနစာတမ်း (Health Systems Research) များနှင့် ပိုစတာများဖြင့် အမျိုးအစားခွဲခြားလက်ခံခဲ့ပါသည်။

**သုတေသနစာတမ်း စုစုပေါင်း ၁၀၉ စောင်**

ယခုနှစ်တွင် အခြေခံသုတေသနစာတမ်း ၂၃ စောင်၊ အသုံးချသုတေသနစာတမ်း ၂၂ စောင်၊ ကျန်းမာရေးစနစ်သုတေသနစာတမ်း ၁၃ စောင်၊ သုတေသနပိုစတာ ၅၁ စောင် စုစုပေါင်းစာတမ်း ၁၀၉ စောင်ကို စာတမ်းကြီးကြပ်ရေးဆပ်ကော်မတီကစိစစ်ပြီး ညီလာခံသို့ တင်သွင်း၊ ဖတ်ကြား၊ ပြသရန်လက်ခံထားရှိကြောင်း သိရှိရပါသည်။ တင်သွင်းမည့်စာတမ်းများတွင် ကိုဗစ်-၁၉ ရောဂါ၊ ကင်ဆာရောဂါ၊ တီဘီရောဂါ၊ အသည်းရောဂါ၊ ဦးနှောက်နှင့်ဦးနှောက်အမြှေးရောင်ရောဂါ၊ မြွေဆိပ်၊ သွေးလွန်တုပ်ကွေး၊ ရိုတာဗိုင်းရပ်စ်၊ ငှက်ဖျားရောဂါ၊ ဆင်တုပ်ကွေးရောဂါ၊ တိုင်းရင်းဆေး၊ သွားဘက်ဆိုင်ရာ၊ အားကစားဆိုင်ရာ၊ ဆေးဝါးဗေဒဆိုင်ရာ၊ အာဟာရဆိုင်ရာ၊ ကိုယ်ဝန်စောင့်ရှောက်မှုဆိုင်ရာ၊ သူနာပြုများ၏ ဆေးရုံကျင့်ဝတ်ဆိုင်ရာ၊ ဆေးပညာသင်ကြားရေးနှင့် အကဲဖြတ်နည်းဆိုင်ရာ သုတေသနများစသည်တို့ ပါဝင်ပါသည်။

(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံတွင် တင်ပြမည့် စာတမ်းများ၊ ပိုစတာများအနက် အချို့ကို ကောက်နှုတ်၍ တင်ပြလိုပါသည်။ မြွေကိုက်ရောဂါသုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ မြွေကိုက်ခံလူနာများတွင် မည်သည့်မြွေအမျိုးအစား အကိုက်ခံရသည်ကို မသိရှိရသည့်အခါ ယင်းလူနာများ၏ သွေးမှ မြွေပွေးနှင့် မြွေဟောက်မျိုးစိတ်များကို ခွဲခြားစစ်ဆေးနည်းသုတေသနမှ မြွေကိုက်ခံရသောလူနာများအတွက် ရောဂါကုသမှု လျင်မြန်ထိရောက်မှုရှိစေရန်အတွက်လည်းကောင်း၊ မြွေစိမ်းမြီးခြောက် မြွေဆိပ်ဖြေဆေး စမ်းသပ်ထုတ်လုပ်မှု သုတေသနကို ဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံရှိ မြွေစိမ်းမြီးခြောက် အကိုက်ခံရသော လူနာများအတွက် မြွေဆိပ်ဖြေဆေးတီထွင်ထုတ်လုပ်ရန် လိုအပ်သော သုတေသနဆောင်ရွက်မှု အချက်အလက်များ ထောက်ပံ့ပေးနိုင်ရန်အတွက်လည်းကောင်း၊ မြွေပွေးအဆိပ်အိတ်မှ အဆိပ်မျိုးရိုးဗီဇများကို လေ့လာခြင်းအားဖြင့် ပါဝင်သော မြွေဆိပ်ပမာဏနှင့် မြွေဆိပ်တွင်ပါဝင်သော ပရိုတင်း၊ အင်ဇိုင်းများ၏လုပ်ဆောင်မှု (Function)များ၊ ဇီဝကမ္မအပေါ် သက်ရောက်မှုများကို သိရှိရပြီး မြွေကိုက်ခံလူနာများအတွက် ဆေးဝါးသစ်များ ဖော်ထုတ်နိုင်ရန်အတွက်လည်းကောင်း အကျိုးပြုစေမည်ဖြစ်ပေသည်။

Community-based COVID-19 Study Group မှ တင်ပြမည့် စာတမ်းသည်လည်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားခဲ့စဉ် ကုသမှုခံယူခဲ့သည့်အခြေအနေများ၊ ကာကွယ်ဆေးထိုးနှံမှုအခြေအနေများနှင့် ကြုံတွေ့ရသည့်အခက်အခဲများကို ပြည်သူများ သိရှိနိုင်ရန်နှင့် နောင်တွင် ဖြစ်ပွားလာနိုင်သည့် ကူးစက်ကပ်ရောဂါများအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ၏ နောက်ဆက်တွဲလက္ခဏာများကို လေ့လာတင်ပြခြင်းဖြင့် အနာဂတ်တွင် ဖြစ်ပေါ်နိုင်သည့် ကူးစက်ကပ်ရောဂါများ ခံစားရသောသူများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်မည့်အစီအစဉ်များအား ချမှတ်ပေးနိုင်မည့် အကျိုးတရားများကို ရရှိစေပါမည်။

အားကစားကဏ္ဍနှင့်ပတ်သက်၍ မြန်မာ့အားကစားသမားများတွင် ကျန်းမာရေးကို ထိခိုက်နိုင်သောအမူအကျင့်များကို သုတေသနပြုလေ့လာခဲ့သည့်အတွက် အားကစားသမားများအနေဖြင့် ယင်းအမူအကျင့်များကို ရှောင်ကြဉ်နိုင်ရန်အတွက် အထောက်အကူပြုစေမည်ဖြစ်ပါသည်။

**မကူးစက်နိုင်သောရောဂါများ**

မကူးစက်နိုင်သောရောဂါများအနက် ကင်ဆာရောဂါသည်များ၏ ဓာတ်ရောင်ခြည်ကုသမှုမခံယူမီ အာဟာရပြည့်ဝမှုအခြေအနေကို သုတေသနပြုဆောင်ရွက်ခြင်းဖြင့် ဖြစ်ပွားမှုများသည့် သွေးတိုး၊ ဆီးချို၊ ကင်ဆာရောဂါများနှင့် အဝလွန်ခြင်း စသည့်ရောဂါများကို ပိုမိုထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်သည့်နည်းလမ်းများ ဖော်ထုတ်နိုင်မည်ဖြစ်သည့် အကျိုးကျေးဇူးကို ရရှိစေပါသည်။

သွေးလွန်တုပ်ကွေး ဗိုင်းရပ်စ်ရောဂါပိုး၏ မျိုးဗီဇများ ပြောင်းလဲမှုလေ့လာရာတွင် ရောဂါအမျိုးအစား၊ လူနာများ၏ ကိုယ်ခံစွမ်းအားတို့သည် ရောဂါပြင်းထန်မှုနှင့် ကပ်ရောဂါအသွင်ဖြစ်ပွားမှုတို့အပေါ် အကျိုးသက်ရောက်ကြောင်း နှစ်အလိုက် ရောဂါအမျိုးအစားများ ပြောင်းလဲကြောင်း ဖော်ထုတ်နိုင်သည့်အတွက် သွေးလွန်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးလုပ်ငန်းတွင် အထောက်အကူ ဖြစ်စေမည်ဖြစ်ပေသည်။

ရေယုန်ဗိုင်းရပ်စ်ရောဂါ၊ တီဘီပိုးနှင့် ကိုယ်ခံအားမှ ပြန်လည်တိုက်ခိုက်ခြင်းကြောင့် ဦးနှောက်ရောင်ရောဂါနှင့် ဦးနှောက်အမြှေးရောင်ရောဂါ အများဆုံးဖြစ်ပွားကြောင်း မော်လီကျူးနည်းပညာနှင့် ပုံမှန်ဓာတ်ခွဲဓာတ်မှန်စစ်ဆေးမှုအား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စောစီးစွာသိရှိနိုင်ပြီး တိကျမှန်ကန်သောကုသမှုများ ဆောင်ရွက်ပေးနိုင်မည့်အပြင် သေဆုံးမှုအား လျှော့ချသွားနိုင်မည်ဖြစ်ခြင်းစသည့် အသိပညာတိုးပွားစေသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ပါသည်။

ညီလာခံရက်များအတွင်း သုတေသနပိုစတာများကို ခင်းကျင်းပြသထားမည်ဖြစ်ပြီး သုတေသနစာတမ်းဖတ်ပွဲကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အချိန်များခွဲ၍ ကျင်းပမည်ဖြစ်ပါသည်။ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက သဘာပတိများအဖြစ် အလှည့်ကျ ဆောင်ရွက်ကြမည်ဖြစ်သည်။

**လေးနှစ်ကြာ တည်ဆောက်ခဲ့သော အဆင့်မြင့်မော်လီကျူးသုတေသနစင်တာ ဓာတ်ခွဲခန်း**

ယခုနှစ်သုတေသနညီလာခံတွင် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Korea International Cooperation Agency-KOICA)၏

စာမျက်နှာ ၇ သို့

> " စံနှုန်းမီ အဆင့်မြင့်မော်လီကျူးသုတေသနဌာနတစ်ခု ဖြစ်ပေါ်လာစေရေးအတွက် ဓာတ်ခွဲခန်းနည်းပညာဆိုင်ရာစာအုပ်ငယ်များ၊ လမ်းညွှန်ချက်များ၊ ဓာတ်ခွဲခန်း စံနမူနာပြုဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ဌာနအတွင်းအသုံးပြုနိုင်ရန် ရေးသားပြင်ဆင်ခြင်း၊ လက်တွေ့လေ့ကျင့်ရေးအလုပ်ရုံဆွေးနွေးပွဲများကို အခါအားလျော်စွာပြုလုပ်နိုင်ခဲ့ပြီး အဆင့်မြင့်ဓာတ်ခွဲခန်းနည်းပညာများကို ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ အခြားဌာနများမှ ပညာရှင်များနှင့် နည်းပညာရှင်များအား မျှဝေပေးနိုင်ခဲ့ပါသည်။ ထို့ပြင် ဆေးတက္ကသိုလ်နှင့် ဆေးနှီးနွှယ်တက္ကသိုလ်များ၏ ပါရဂူဘွဲ့နှင့် မာစတာသင်တန်းများအတွက် သင်ကြားရေးဓာတ်ခွဲခန်းတစ်ခုအဖြစ်လည်း ဆောင်ရွက်ပေးနိုင်ခဲ့ "

## ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ(DNOP)၏ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းကို ပယ်ဖျက်ခဲ့ကြောင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**သတင်းထုတ်ပြန်ချက်**

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ ပါတီဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့် လျှောက်ထားခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့်စိစစ်ဆဲဖြစ်သည့် **ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ(DNOP)**၏ ပါတီခေါင်းဆောင်ကွယ်လွန်သွားသဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းမှ ပယ်ဖျက်ပေးပါရန် သက်ဆိုင်ရာပါတီက တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ ၁၅-၁-၂၀၂၄ ရက်နေ့၌ ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄)က သဘောတူခွင့်ပြုကြောင်းဆုံးဖြတ်ခဲ့ပြီး **ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ (DNOP)**၏ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းကို ပယ်ဖျက်ခဲ့ကြောင်း ထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာ သီတာတင် | ညွှန်ကြားရေးမှူးချုပ်<br>မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (၂) ဦးကျော်ယဉ်ဦး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |

■ စာမျက်နှာ ၆ မှ

အမေရိကန်ဒေါ်လာ သုံးသန်း အထောက်အပံ့ဖြင့် ဆေးသုတေသနဦးစီးဌာန ( ရန်ကုန်ရုံးချုပ်)တွင် လေးနှစ်ကြာ တည်ဆောက်ခဲ့သော အဆင့်မြင့် မော်လီကျူးသုတေသနစင်တာ (Advanced Molecular Research Centre) ဓာတ်ခွဲခန်းကို ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ရာ ယခု ၂၀၂၄ ခုနှစ်တွင် (၁၀)နှစ်ပြည့် အထိမ်းအမှတ်အတွက် ဂုဏ်ပြုအမှတ်တရ အစီအစဉ်တစ်ခု ထည့်သွင်းထားရှိပါသည်။ ယင်းစင်တာကို ခေတ်မီနည်းပညာနှင့် ဓာတ်ခွဲခန်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများအသုံးပြု၍ ငှက်ဖျားရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ တီဘီရောဂါစသည့် ကူးစက်ရောဂါများအတွက် သုတေသနများ ပိုမိုဆောင်ရွက်နိုင်စေရန်နှင့် မြန်မာပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုကောင်းမွန်လာစေရန် တို့တွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

ယခု ၂၀၂၄ ခုနှစ်မှ ဆယ်စုနှစ်တစ်ခုအား ပြန်ကြည့်လျှင် အောင်မြင်မှုအသီးအပွင့်များစွာ ရရှိဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ စင်တာ၏ သတင်းအချက်အလက်နည်းပညာပံ့ပိုးမှု (Information Technology Facility) ကို အသုံးပြု၍ ကွန်ပျူတာသင်တန်းများကိုလည်း ပို့ချပေးခြင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ တီဘီ၊ အသည်းရောင်အသားဝါ၊ ငှက်ဖျားနှင့် အခြားကူးစက်ရောဂါများဆိုင်ရာ ကွင်းဆင်းလေ့လာမှုများနှင့် ဓာတ်ခွဲခန်းအခြေပြု သုတေသနလေ့လာမှုများကို ကိုရီးယားအဖွဲ့အစည်းများအပြင် အခြားသော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

စင်တာရှိအဆင့်မြင့်မော်လီကျူးနည်းပညာသုံးစက်ကိရိယာများကိုအသုံးပြု၍ မြန်မာနိုင်ငံတွင် တီဘီဗက်တီးရီးယားပိုးများ၏ မျိုးရိုးဗီဇလက္ခဏာများကို ဖော်ပြနိုင်ခဲ့ပါသည်။ ပုံမှန်စမ်းသပ်မှုဖြင့် မဖော်ထုတ်နိုင်သည့် ဆေးယဉ်ပါးတီဘီရောဂါများကိုလည်း ယခုအခါ ရှာဖွေတွေ့ရှိနိုင်ပြီဖြစ်သည်။

အသည်းရောင်အသားဝါဘီ ဗိုင်းရပ်စ်ပိုးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်တမ်းကောက်ယူမှုကို ၂၀၁၅ ခုနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့ပြီး အသည်းရောင်အသားဝါဘီ ဗိုင်းရပ်စ်မျိုးကွဲများ မြန်မာနိုင်ငံအတွင်း ပျံ့နှံ့မှုအခြေအနေကို အစီရင်ခံနိုင်ခဲ့ပါသည်။ ဆေးယဉ်ပါးငှက်ဖျားရောဂါ၏ မော်လီကျူးစောင့်ကြည့်ခြင်းနှင့် Ultrasensitive Realtime PCR ဖြင့် ရောဂါလက္ခဏာမပြသော ငှက်ဖျားရောဂါဖြစ်ပွားမှုများကို ထောက်လှမ်းခြင်းကိုလည်း ပြုလုပ်နိုင်ခဲ့ပါသည်။

အဆင့်မြင့်မော်လီကျူးသုတေသနစင်တာမှ သုတေသီပညာရှင်များ၏ သုတေသနစာတမ်းပေါင်း ၆၀ ကျော်ကို နိုင်ငံတကာနှင့် ပြည်တွင်းဂျာနယ်များတွင် ထုတ်ဝေနိုင်ခဲ့ပါသည်။ နိုင်ငံတော်အတွက် အရည်အသွေးမြင့်မားပြီးအကျိုးရှိစေမည့် သုတေသနတွေ့ရှိချက်များ၊ ပိုမိုဆန်းသစ်လာသော ကူးစက်ရောဂါဆိုင်ရာ ရောဂါရှာဖွေရေးနည်းပညာများနှင့် ကူးစက်ရောဂါ ထိန်းချုပ်ရေးစီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာရပ်များကို မြန်မာ-ကိုရီးယား ပူးတွဲစာတမ်းဖတ်ပွဲများနှင့် သုတေသနညီလာခံများတွင် တင်ပြခဲ့ကြပြီး ကုသရေးနှင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို များစွာအထောက်အကူပြုခဲ့ပါသည်။

စံနှုန်းမီအဆင့်မြင့်မော်လီကျူးသုတေသနဌာနတစ်ခုဖြစ်ပေါ်လာစေရေးအတွက် ဓာတ်ခွဲခန်းနည်းပညာဆိုင်ရာစာအုပ်ငယ်များ၊ လမ်းညွှန်ချက်များ၊ ဓာတ်ခွဲခန်းစံနမူနာပြု ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ဌာနအတွင်းအသုံးပြုနိုင်ရန် ရေးသားပြင်ဆင်ခြင်း၊ လက်တွေ့လေ့ကျင့်ရေးအလုပ်ရုံဆွေးနွေးပွဲများကို အခါအားလျော်စွာပြုလုပ်နိုင်ခဲ့ပြီး အဆင့်မြင့်ဓာတ်ခွဲခန်းနည်းပညာများကို ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ အခြားဌာနများမှ ပညာရှင်များနှင့် နည်းပညာရှင်များအား မျှဝေပေးနိုင်ခဲ့ပါသည်။ ထို့ပြင် ဆေးတက္ကသိုလ်နှင့် ဆေးနီးနွယ်တက္ကသိုလ်များ၏ ပါရဂူဘွဲ့နှင့် မာစတာသင်တန်းများအတွက် သင်ကြားရေးဓာတ်ခွဲခန်းတစ်ခုအဖြစ်လည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**ကိုဗစ်-၁၉ မျိုးဗီဇစိစစ်ခြင်း စမ်းသပ်မှုပေါင်း ၃၀၀ ကျော်ကို ပြုလုပ်ခဲ့**

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း စင်တာရှိ အဆင့်မြင့်မော်လီကျူးနည်းပညာ ရောဂါရှာဖွေရေး အခြေခံအဆောက်အအုံနှင့် ပစ္စည်းများအသုံးပြု၍ ၂၀၂၀ ပြည့်နှစ် ဧပြီလမှ ၂၀၂၂ ခုနှစ် ဧပြီလအထိ COVID-19 RT-PCR ရောဂါရှာဖွေစမ်းသပ်မှုများကို ဆောင်ရွက်ခဲ့ပြီး ခန့်မှန်းခြေ ဓာတ်ခွဲနမူနာတစ်သိန်းခန့်ကို စမ်းသပ်ပေးနိုင်ခဲ့ပါသည်။ စင်တာ၏ ဇီဝလုံခြုံမှု အဆင့်(၂)အထက်ရှိ ဓာတ်ခွဲခန်းကို အသုံးပြု၍ Gene Sequencing စက်များနှင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ မျိုးကွဲများ၏ Genome Sequencing ဆက်လက်လုပ်ဆောင်နေပါသည်။ ယခုအချိန်အထိ ကိုဗစ်-၁၉ မျိုးဗီဇစိစစ်ခြင်း စမ်းသပ်မှုပေါင်း ၃၀၀ ကျော်ကို ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း ပျံ့နှံ့လျက်ရှိသော ကိုဗစ်-၁၉ မျိုးကွဲဆိုင်ရာ အချက်အလက်အမျိုးမျိုးကို ကျန်းမာရေးဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြပြီး အများပြည်သူသိရှိစေရန် ကျန်းမာရေးဝန်ကြီးဌာနက သတင်းမျှဝေပေးနိုင်ခဲ့ပါသည်။

ညီလာခံကျင်းပရာရက်များအတွင်း နိုင်ငံတကာနှင့် ပြည်တွင်းမှ သုတေသနပညာရှင်များ ပါဝင်ဆွေးနွေးကြမည့် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပါသည်။

ညီလာခံဖွင့်ပွဲရက်တွင် ကူးစက်နိုင်သောရောဂါတစ်ခုဖြစ်သည့် ဆေးယဉ်ပါးတီဘီရောဂါအတွက် သုတေသနတွေ့ရှိချက်များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ သုတေသနပညာရှင်များ ပါဝင်ဆွေးနွေးမည့် “Myanmar-Korea Joint Symposium (2024)- Combating Drug-Resistant Tuberculosis” ခေါင်းစဉ်ဖြင့် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကျင်းပသွားမည်ဖြစ်ပါသည်။

ညီလာခံဒုတိယရက်တွင် ယနေ့ခေတ်အခါ ကမ္ဘာတစ်ဝန်းအဖြစ်များသော မကူးစက်တတ်သောရောဂါများဖြစ်သည့် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အဝလွန်ရောဂါများအတွက် ဝါရင့်သမားတော်ကြီးများ၊ ဆေးပညာရှင်များက ပါဝင်ဆွေးနွေးမည့် “မကူးစက်တတ်သောရောဂါများအား ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့်လုပ်ငန်းများဆိုင်ရာဆွေးနွေးခြင်း - Non-Communicable Diseases: Prevention, Promoting Control and the Way Forward” ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကိုလည်း ကျင်းပမည်ဖြစ်ကြောင်းနှင့် မကူးစက်နိုင်သောရောဂါတစ်ခုဖြစ်သည့် ကင်ဆာရောဂါနှင့်ပတ်သက်ပြီး ပြည်တွင်းပညာရှင်များသာမက ပြည်ပပညာရှင်များလည်း ပါဝင်ဆွေးနွေးမည်ဖြစ်ပါသည်။

**ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ**

ညီလာခံစတုတ္ထမြောက်ရက်တွင် “ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်/ ကျောင်းများ၏ အရည်အသွေးအာမခံမှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ- Quality Assurance in Health Professional Education: Process, Partnerships and Readiness” ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲတွင်လည်း ကျွမ်းကျင်ပညာရှင်များက ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်/ကျောင်းများတွင် အရည်အသွေးအာမခံမှုစနစ် တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဆွေးနွေးသွားမည်ဖြစ်ပါသည်။

ညီလာခံနောက်ဆုံးရက်တွင် ယခုနှစ်ညီလာခံ၏ အဓိကသုတေသနဦးတည်ချက်ခေါင်းစဉ် (Theme) ကိုပင် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲတစ်ခုအဖြစ် ထည့်သွင်းကျင်းပကာ ဝါရင့်သုတေသီ ကျင့်ဝတ်ဆိုင်ရာပညာရှင်များက ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဖွဲ့စည်းထားရှိပြီးသော သုတေသနကျင့်ဝတ်ကော်မတီများ ပိုမိုအားကောင်းခိုင်မာလာစေရန်အတွက် သုတေသနကျင့်ဝတ်ဆိုင်ရာနည်းပညာများကို ဆွေးနွေးတင်ပြ အတွေ့အကြုံဖလှယ်ကြမည်ဖြစ်ပါသည်။

သုတေသနပညာရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုအလေးထားသည့်အနေဖြင့် စာတမ်းဆုရွေးချယ်ရေးဆပ်ကော်မတီသည် တင်သွင်းလာသည့် စာတမ်းများမှ အခြေခံသုတေသန (Basic Research) စာတမ်းဆုများ၊ လက်တွေ့အသုံးချသုတေသန (Applied Research) စာတမ်းဆုများ၊ ကျန်းမာရေးစနစ်သုတေသန (Health Systems Research) စာတမ်းဆုများ၊ လူငယ်သုတေသီဆုများနှင့် ပိုစတာစာတမ်းဆုများကို စိစစ်ရွေးချယ်မည်ဖြစ်ကြောင်းနှင့် ဆုရရှိသူသုတေသီများအား ထိုက်ထိုက်တန်တန်ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ပါသည်။

သုတေသနစာတမ်းရှင်များသည် ဆေးသုတေသနဦးစီးဌာနမှထုတ်ဝေသည့် မြန်မာ့ကျန်းမာရေးသိပ္ပံသုတေသနဂျာနယ် (Myanmar Health Sciences Research Journal) သို့ ပေးပို့လိုပါကလည်း ဂျာနယ်သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်လျက် ဂျာနယ်၏ အီးမေးလ် *(https://www.mhsrj-moh.dmr.gov.mm)* သို့ စာတမ်းများပေးပို့နိုင်မည်ဖြစ်ပါသည်။

ဤသုတေသနညီလာခံကြီးသို့ စာတမ်းတင်သွင်းကြမည့် သုတေသီပညာရှင်များသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆရာဝန်များ၊ ဆေးတက္ကသိုလ်များနှင့် နီးနွယ်တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသားများ၊ ကျန်းမာရေးဝန်ထမ်းများသည် ညီလာခံကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို နှစ်စဉ်ကျင်းပခြင်းဖြင့် တစ်နှစ်တာကာလအတွင်း အလုပ်တာဝန်အသီးသီးဖြင့် မအားလပ်ကြသော ပြည်တွင်းနှင့် နိုင်ငံတကာမှသုတေသီပညာရှင်များ၊ ဆေးပညာရှင်များ၊ သမားတော်များ၊ စီမံချက်မန်နေဂျာများသည် ညီလာခံကျင်းပရာကာလအတွင်း သတ်မှတ်အချိန်တစ်ခုတည်းတွင် လူကိုယ်တိုင်ဖြစ်စေ၊ Online ဖြင့်ဖြစ်စေ တက်ရောက်ကြခြင်း (Collaborative Networking) ဖြစ်၍ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးချစ်ကြည်စွာဖြင့် သုတေသနစာတမ်းများမှ တင်ပြချက်များ၊ နှီးနှောဖလှယ်ပွဲများမှ ပညာရပ်ဆိုင်ရာတင်ပြချက်များကို မျှဝေဆွေးနွေးနိုင်သည့် အခွင့်အရေးကောင်းကို ရရှိကြပါသည်။

ယင်းမှ လာမည့်အနာဂတ်ကာလအတွက် ပြည်သူ့အကျိုးကို ဖော်ဆောင်သည့် နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးကဏ္ဍကို များစွာအထောက်အကူပြုမည်ဖြစ်သောလုပ်ငန်းများ၊ စီမံချက်များကို ညှိနှိုင်းအတည်ပြုချမှတ်နိုင်ကြမည်ဖြစ်သည့် ကောင်းမွန်သောအကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ရှိ အဆောက်အဦ ဦးစီးဌာန အဆောက်အဦ အထူးအဖွဲ့(၃)မှ ကမ္ဘောဇသာဒီနန်းတော် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။

**မှာကြား**

ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကမ္ဘောဇသာဒီ နန်းတော်အတွင်း အမိုး၊ မျက်နှာကြက်၊ တိုင်၊ ကြမ်းခင်း ပျက်စီးနေမှုများအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်သည် မြန်မာ့သမိုင်းတွင် ထင်ရှားသည့် ဘုရင့်နောင်မင်းတရားကြီး၏ နန်းတော်နေရာ၌ မြေနန်းပြာသာဒ်ဆောင်၊ လက်ဝဲဝင်းဆောင်၊ လက်ယာဝင်းဆောင်နှင့် စနုဆောင်တို့ကို ရှေးမူလက်ရာမပျက် ပုံစံတူတည်ဆောက်ထားသော အဆောက်အအုံဖြစ်ပြီး နှစ်ကာလကြာမြင့်ခြင်းကြောင့် ဖြစ်ပေါ်လာသော ပျက်စီးမှုများကို ရှေးမူလက်ရာမပျက်စေဘဲ ပြုပြင်ဆောင်ရွက်ခြင်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူး-သနပ်ပင်-ခရမ်း-သန်လျင်လမ်းပေါ်တွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၉)မှ တာဝန်ယူတည်ဆောက်နေသည့် အရှည်ပေ ၂၄၀ သနပ်ပင်မြို့တွင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူက တံတားတည်ဆောက်ရေး လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့နှင့် ရန်ကုန် - မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် ၃၂/၆ နှင့် ၃၂/၇ ကြား လသာကုန်း Under Pass သို့ ချိတ်ဆက်သည့် လမ်းအရှည် ရှစ်မိုင် တစ်ဖာလုံအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ မန္တလေးအမြန်လမ်း (ရန်ကုန် - နေပြည်တော်အပိုင်း) မိုင်တိုင်အမှတ် ၄၅ / ၂ နှင့် ၄၅ / ၃ ကြားရှိမိုးတွင်းကာလ ရေတိုက်စား၍ ပျက်စီးသွားသော ကြတ်ချောင်းလက်တက်တံတားအား ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုနှင့် ရန်ကုန်-မန္တလေး အမြန်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဇင်မင်းထက် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၁၅**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လူသုံးကုန် ထုတ်လုပ်မှုနည်းပညာပေးသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရည်ရွယ်ဖွင့်လှစ်**

အစီအစဉ်အရ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က မသန်စွမ်းလူငယ်များအတွက် အခွင့်အရေးကာကွယ်ရေး၊ ဘဝမြှင့်တင်ဖွံ့ဖြိုးတိုးတက်နိုင်စေရေးနှင့် မသန်စွမ်းသူများ ပါဝင်မှုအပေါ် ပိုမိုလေးနက်စွာနားလည်ပြီး အသိအမှတ်ပြုနိုင်ရေးအတွက် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ပါကြောင်း၊ လူငယ်ရေးရာဦးစီးဌာန မသန်စွမ်းလူငယ်ရေးရာဌာနခွဲ အနေဖြင့် မသန်စွမ်းသူ လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွင့်လှစ်သင်ကြားပေးနိုင်ရေးနှင့် လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုသင်တန်းမှ သင်ကြားပို့ချပေးသည့် ပညာရပ်များဖြင့် မသန်စွမ်းလူငယ်များ အမှန်တကယ် လက်တွေ့အသုံးချနိုင်စေရန်နှင့် လိုအပ်သည့်ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သင်တန်းသားသင်တန်းသူများအနေဖြင့် ယခုသင်တန်းမှရရှိသည့် အသိပညာအတတ်ပညာများကို ကြိုးစားသင်ယူပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျ ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ပြီး မိသားစုဝင်ငွေကို တစ်ဖက်တစ်လမ်းက ပံ့ပိုးကူညီနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ လူငယ်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊



ဇေယျာသီရိခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော် မသန်စွမ်းသူများ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

လူသုံးကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၂၄)ကို ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ဇေယျာသီရိမြို့နယ် ရေဆင်းဓမ္မာရုံ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြဆရာမ နှစ်ဦးတို့က သင်တန်းသား သင်တန်းသူ ၃၀ ကို စာတွေ့/လက်တွေ့ သင်ခန်းစာများ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လင်းခေးမြို့၌ ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲ ကျင်းပ

**လင်းခေး ဇန်နဝါရီ ၁၅**

လင်းခေးမြို့၌ ခရိုင်မီးသတ်ဦးစီးဌာနကကြီးမှူး၍ ယနေ့နံနက်ပိုင်းက ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို အဆိုပါဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် လင်းခေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းက သင်တန်းဖွင့်မိန့်ခွန်း ပြောကြားသည်။ ဆက်လက်၍ တူညီဝတ်စုံများ ပေးအပ်ခြင်းအား ဆောင်ရွက်ရာ ခရိုင်အုပ်ချုပ်ရေးမှူးက မိုးနဲမြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးတိုးလှထံလည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေမိုးက ရွှေလူငယ်ပရဟိတအဖွဲ့ဥက္ကဋ္ဌဦးကျော်နိုင်ထံလည်းကောင်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့



ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်က "နမ့်ခုံး" ရှမ်းများပရဟိတအသင်း(ခွဲ) လင်းခေးမှ ဒေါ်နန်းချစ်စုထံ လည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးဟိန်းဝင်းဇော်က အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ခွဲမှူးစိုင်းသက်နေစိုးထံ တူညီဝတ်စုံများ ပေးအပ်ခဲ့သည်။

အခမ်းအနားအပြီးတွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က မီးသတ်တပ်ဖွဲ့ဝင်များ၏ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းဆိုင်ရာ လက်တွေ့သရုပ်ပြသခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

# မုဒုံမြို့၌ သဘာဝဘေးဒဏ်ခံနိုင်သော ရပ်ရွာဖြစ်စေရေး အိုးအိမ်များ အားဖြည့်ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်

**မုဒုံ ဇန်နဝါရီ ၁၅**

မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မ(၂)ရပ်ကွက်ရှိ ဆင်းရဲနွမ်းပါးသည့် နေအိမ်များသဘာဝဘေးအန္တရာယ် ဒဏ်ခံနိုင်သည့် နေအိမ်များဖြစ်စေရန်အတွက် အိုးအိမ်များ အားဖြည့်ပြင်ဆင်မွမ်းမံခြင်း လုပ်ငန်းများကို ဇန်နဝါရီ ၁၄ ရက်က စတင်ဆောင်ရွက်ခဲ့သည်။

**ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရန်**

ထိုသို့ ဆောင်ရွက်ရာတွင် မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး နွေဦးကာလနှင့် မိုးကြိုကာလ ရာသီပြောင်းချိန်တွင် မုန်တိုင်းဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လေ့ရှိသဖြင့် ရပ်ကွက်/ ကျေးရွာများအတွင်း ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများ၊ အိုမင်းမစွမ်းအိမ်ထောင်စုများ၏ နေအိမ်များကို သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးမှု နည်းနိုင်သမျှ နည်းပါးစေရန် မုဒုံမြို့နယ်ရှိ မြို့မ(၂)ရပ်ကွက်တွင် နေအိမ် ၁၀၀၊ ကတုံးပေါ်ကျေးရွာတွင် နေအိမ် ၁၀၀ အား သွပ်နန်းကြိုးများ တုပ်ဆိုင်းပေးခြင်း၊ ကျားကန် ထောင်မတ်ပေးခြင်း၊ ဝါးထရံ၊ ဓနိ၊ သက်ကယ်များ အသုံးပြုပြီး အားဖြည့်ပြင်ဆင်မွမ်းမံမှုများကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**သားငယ်(ပြန်/ဆက်)**



# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၅**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၉ ရက်မှ ၁၈ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း အားကစားရုံတို့တွင်ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းမှစတင်၍ သတ္တမနေ့ပွဲစဉ်များအဖြစ် သက်ဆိုင်ရာအားကစားနည်းများအလိုက် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

**ကြည့်ရှုအားပေး**

နံနက်ပိုင်းတွင် စားပွဲတင်တင်းနစ်ဗိုလ်လုပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ (B)ရုံတွင် ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုကို ဒဂုံတက္ကသိုလ်၊ ဒုတိယဆုကို မန္တလေးတက္ကသိုလ်၊ တတိယဆုကို တောင်ငူတက္ကသိုလ်ကလည်းကောင်း၊ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုကို ရတနာပုံတက္ကသိုလ်၊ ဒုတိယဆုကို တောင်ကြီးတက္ကသိုလ်၊ ပူးတွဲတတိယဆုကို မန္တလေးတက္ကသိုလ်နှင့် မန္တလာတက္ကသိုလ်တို့ကလည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မသဲနန္ဒာစု (ရန်ကုန်တက္ကသိုလ်) က ပထမ၊ မမေသူ(မန္တလေးတက္ကသိုလ်)က ဒုတိယနှင့် မအိရတနာဖြိုး (ဒဂုံတက္ကသိုလ်) နှင့် မသက်ထက်စံ (တောင်ငူတက္ကသိုလ်)တို့က ပူးတွဲတတိယကို လည်းကောင်း၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် မောင်ထက်မြတ်ဟန်ရှိန် (ရတနာပုံတက္ကသိုလ်) က ပထမ၊ မောင်နိုင်ဝေယံထက် (မော်လမြိုင်တက္ကသိုလ်) က ဒုတိယ၊ မောင်ဉာဏ်လင်းထိန် (တောင်ငူတက္ကသိုလ်) နှင့် မောင်လင်းအောင်(ရန်ကုန်ပညာရေးတက္ကသိုလ်) တို့က ပူးတွဲတတိယကို လည်းကောင်း ရရှိကြရာ ဆုများကို ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးနှင့် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းတို့က ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပွဲစဉ်တစ်လျှောက်အကောင်းဆုံး အမျိုးသမီး စားပွဲတင်တင်းနစ် အားကစားသမားဆု မသဲနန္ဒာစု(ရန်ကုန်တက္ကသိုလ်)နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအမျိုးသား စားပွဲတင်တင်းနစ် အားကစားသမားဆု မောင်ထက်မြတ်ဟန်ရှိန် (ရတနာပုံတက္ကသိုလ်)တို့ကို ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆုများပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုကြီးရရှိသည့် ရတနာပုံတက္ကသိုလ် တင်းနစ်အားကစားအဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် တက္ကသိုလ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့ရုံတွင်လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံတွင်လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းမှစတင်၍ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များကိုလည်း ယင်းနေ့နံနက်ပိုင်းမှစ၍ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ချောင်းဆုံမြို့နယ် ခရိုက်ဒူး(အထက-ခွဲ)၌ လူငယ်စကားဝိုင်း ကျင်းပ



**ချောင်းဆုံ ဇန်နဝါရီ ၁၅**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းပြီး ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက ခရိုက်ဒူး (အထက-ခွဲ) ခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာက ကျောင်းသားလူငယ်များ ဘက်စုံထူးချွန်၍ လူတော်လူကောင်းများ ပေါ်ထွန်းလာစေရန်နှင့် အစုအဖွဲ့ဖြင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် လူငယ်စကားဝိုင်း ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာနှင့် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သက်ငုံဖူးတို့က ဦးဆောင်ဆွေးနွေးသူများ အဖြစ်ဆောင်ရွက်ကာ ကျောင်းသားလူငယ်များအတွက် အရေးပါသည့် ကဏ္ဍများဖြစ်သည့် ပညာရေး၊ အားကစား၊ ယဉ်ကျေးမှု တန်ဖိုး၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် ပေါင်းသင်းဆက်ဆံရေးစသည်ဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်ကြသည့် ကျောင်းသား ကျောင်းသူများ သိရှိလိုသည်များ ပြန်လည်ဖြေကြားဆွေးနွေးပေးခြင်းနှင့် အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျိုက်ထိုမြို့နယ် အမက(ကျားတဲ)၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်

**ကျိုက်ထို ဇန်နဝါရီ ၁၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်ကို ယနေ့နံနက် ၁၀ နာရီက အမက(ကျားတဲ)၌ ပြုလုပ်သည်။



ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိခိုင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က ကျောင်းသား ကျောင်းသူများအနေဖြင့် အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရေး၊ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများအသိပညာတိုးပွားရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာပေများ၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး၊လူကုန်ကူးမှုအန္တရာယ်အသိပညာပေး စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**



# တာချီလိတ်မြို့ အထက(မိုင်းကိုး)၌ လူငယ်စကားဝိုင်းကျင်းပ

**တာချီလိတ် ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်များဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(မိုင်းကိုး)တွင် ကျင်းပသည်။

ဦးစွာ အခြေခံပညာအထက်တန်းကျောင်း(မိုင်းကိုး)ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမိုးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးတို့က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် လူငယ်စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်(၃) ဦးမြင့်သန်းက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ကာ ကျောင်းသား ကျောင်းသူများက “လူငယ်နှင့်ပညာရေး”၊ “လူငယ်နှင့်အောင်မြင်ရေး”၊ “လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး”၊ “လူငယ်နှင့်ကျန်းမာရေး”နှင့် “လူငယ်နှင့်စာဖတ်ခြင်း”စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသော မေးမြန်းချက်များကို ဦးဆောင်ဆွေးနွေးသူတို့က ပြန်လည်ဖြေကြားပေးသည်။

ထို့နောက်ကျောင်းသား ကျောင်းသူများကပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် လူငယ်ရေးရာ အသိပညာပေးစာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်တို့အား စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **သန်းဇော်(တာချီလိတ်)**

**တစ်လေ့တည်းစီး တစ်ခရီးတည်းသွား ပြည်ထောင်စုသား သွေးချင်းများ တွဲထားလက်များ ခိုင်စေသား**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တပ်ကုန်းမြို့နယ် သရက်ပင်ကျေးရွာ၌ နေပြည်တော် ကုသရေးဦးစီးဌာနက ကွင်းဆင်းဆေးကုသပေးမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၅**

နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကုသရေးဦးစီးဌာနက ဦးဆောင်၍ ပျဉ်းမနား ပြည်သူ့ဆေးရုံကြီး ခုတင် ၂၀၀ နှင့် တပ်ကုန်းမြို့ပြည်သူ့ဆေးရုံ ခုတင် ၁၀၀ တို့က အထူးကု ဆရာဝန်များ ပါဝင်သော အဖွဲ့က ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်း မြို့နယ် သရက်ပင်ကျေးရွာ ဓမ္မရက္ခိတ ဘုန်းတော်ကြီးကျောင်း၌ ညောင်လွန့်ကျေးရွာအုပ်စု၊ ကြိုးကြာအင်းကျေးရွာအုပ်စု၊ သစ်ဆိမ့်ပင်ကျေးရွာအုပ်စု၊ အုန်းပင်ကျေးရွာအုပ်စုနှင့် တဲမြင့်ကျေးရွာအုပ်စုတို့မှ ဒေသခံ ပြည်သူများကို ကွင်းဆင်း၍ အခမဲ့ကျန်းမာရေး စောင့်ရှောက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေး သည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် သရက်ပင်ကျေးရွာ ဓမ္မရက္ခိတ ဘုန်းတော်ကြီး ကျောင်း ဆရာတော် ဘဒ္ဒန္တကောဏ္ဍညနှင့် ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အဆိုပါကျောင်းတိုက်၌ ဒေသခံ ပြည်သူများကို အခမဲ့ဆေးကုသကျန်းမာရေးစောင့် ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌ ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ နှင့် တာဝန်ရှိသူများက အထူးကုဆရာဝန်ကြီးများ ကို အမှတ်တရသစ်သီးခြင်း ပေးအပ်ကာ လာရောက် ဆေးကုသမှုခံယူသည့် ဒေသခံပြည်သူများကိုရင်းရင်း နှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အာဟာရဖြစ် စားသောက် ဖွယ်ရာပစ္စည်းများပေးအပ်၍ တဲမြင့်ကျေးရွာမှ မျက်စိ ဝေဒနာရှင် ဦးကံညွန့်အား ဆေးကုသစရိတ်အဖြစ် ထောက်ပံ့ငွေကျပ် နှစ်သိန်းကို ထောက်ပံ့ပေးအပ် သည်။

**လူနာ ၃၇၉ ဦး ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့**

ယနေ့ ဒေသခံပြည်သူများကို အခမဲ့ကျန်းမာရေး စောင့်ရှောက်ပေးရာတွင် အထူးကုဆရာဝန်များက အထွေထွေရောဂါလူနာ ၁၀၆ ဦး၊ မျက်စိလူနာ ၁၃၆ ဦး၊ အရိုးလူနာ ၇၁ ဦး၊ ကလေးလူနာ ၁၂ ဦး၊ သားဖွား မီးယပ်လူနာ ၄၃ ဦး၊ သွားလူနာ ၁၁ ဦး စုစုပေါင်း လူနာ ၃၇၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ ပြီး ဆေးရုံကြီးများသို့ လူနာခြောက်ဦး လွှဲပြောင်း၍ ကုသမှုခံယူနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည်ညောင်လွန့်ကျေးရွာရှိတောင်သူဦးမောင်သင်၏ ပေါင်းစည်းလယ်ယာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် သဘာဝမြေဩဇာ ထုတ်လုပ်မှုအခြေအနေများ ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဌာနဆိုင်ရာ များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ညောင်လွန့်ကျေးရွာရှိ ကျေးလက်ကျန်းမာ ရေးဌာနတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေများနှင့် သက်ကြီးရွယ်အိုများအား ကိုယ် ကာယလေ့ကျင့်ခန်း ကျန်းမာရေးစောင့်ရှောက်မှုပေး ခြင်းများကို ကြည့်ရှုအားပေးပြီး သက်ကြီးရွယ်အိုများ အတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။



ယင်းနောက် တပ်ကုန်းမြို့နယ် ခုတင်-၁၀၀ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်း ဆေးကုသ မှုခံယူနေသည့် လူနာများ၊ ကလေးကုသဆောင်တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုအခြေအနေများ၊ ဆေးရုံအတွင်းရှိ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင် ထုတ်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုအားပေး သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်သည် တပ်ကုန်းမြို့ ဘုရားနီကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသီရိအား သွားရောက် ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ နှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် မအူတော ကျေးရွာအုပ်စု စိမ်းစားပင်ကျေးရွာရှိ ကွင်းအမှတ် ၁၅၉၆ (က/ခ)ကွင်းအား နရဘန်ယာယီ ချောင်းပိတ် ဆည်မှ နွေစပါးရေပေးဝေနေမှုနှင့် နွေစပါး စိုက်ပျိုး နေမှု အခြေအနေများကိုကြည့်ရှု အားပေးပြီး လိုအပ် သည်များကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးဆောင်သည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ ဇေယျာသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၅**

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်ဦးစီးသည့် ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေဒေသတည်ငြိမ်အေးချမ်း ရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ယနေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု ရွာသစ် ကုန်းကျေးရွာသို့ရောက်ရှိကြပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များ ဆောင်ရွက်ကြသည်။

**ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေး**

ထို့သို့ဆောင်ရွက်ရာတွင် နေပြည်တော်ကုသ ရေးဦးစီးဌာန နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံ တိုင်းရင်းသားပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် လမ်းဦးစီးဌာနတို့က ရွာဝင်ရွာထွက် လမ်းများနှင့် ရွာချင်းဆက်လမ်းများ ကွန်ကရစ်လမ်း ခင်းနိုင်ရေး တိုင်းတာခြင်းများ ဆောင်ရွက်ခြင်း၊ ရေ ရရှိရေးအတွက်ဆောင်ရွက်ပေးခြင်း၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း ဖော်ဆောင်ပေးခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျွဲ၊ နွားနှင့် ဝက်များကို ကာကွယ်ဆေးနှင့် အားဆေးများထိုးပေးခြင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဆက်သွယ်ရေး ကောင်းမွန်စေရေး တာဝါတိုင်များ တည်ဆောက်နိုင်ရေးတိုင်းတာခြင်း စသည့် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးစီးသည့်အဖွဲ့သည် ရွာသစ် ကုန်းကျေးရွာ အောင်ဇမ္ဗူကျောင်းတိုက်၌ ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ကျေးရွာခွဲ တာဝန်ခံ၊ ကျောင်းအုပ် ဆရာမကြီး၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူ့စစ်



တပ်ဖွဲ့ ဝင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီအဖွဲ့ဝင် က မြေပြန့်နှင့် တောင်ပေါ်ဒေသဖွံ့ဖြိုး တိုးတက်မှုကွာဟမှု မရှိစေရေးအတွက် ယခုကဲ့သို့ ကွင်းဆင်းဆောင်ရွက် နေခြင်းဖြစ်ကြောင်း၊ ထိုသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များ ကွင်းဆင်းဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ် အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးရှိမှသာ ဒေသ ဖွံ့ဖြိုးရေးဖြစ်သည့် ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့ တိုးတက်ဖွံ့ဖြိုး အောင် ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း၊ မိမိဦးဆောင် သည့် ဌာနဆိုင်ရာအဖွဲ့သည် ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံး ရေးရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို ဦးစားပေး ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ယခုဒေသသည် စိုက်ပျိုးရေးကဏ္ဍတွင် များသောအားဖြင့် ဥယျာဉ်ခြံမြေများကိုသာ စိုက်ပျိုး လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဒေသနှင့်ကိုက်ညီ သည့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးစေလိုပြီး နှစ်ရှည် သီးနှံပင်များ စိုက်ပျိုးပါက အောင်မြင်ဖြစ်ထွန်းမည်ကို ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ရွာသစ်ကုန်းကျေးရွာ အောင်ဇမ္ဗူ ကျောင်းတိုက်ဆရာတော်ထံ ဆန်၊ ဆီ၊ ဆေးဝါး၊သင်္ကန်း၊ ခေါင်းအုံး၊ စောင်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းခြင်း၊ ကျေးရွာနေပြည်သူ လူထုများအတွက် ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခြင်း၊ ဆရာ ဆရာမ နှင့် ကျောင်းသား ကျောင်းသူများအတွက် စားသောက် ကုန်ပစ္စည်း၊ စာရေးကိရိယာများပေးအပ်ခြင်း၊ ပြည်သူ့စစ်အဖွဲ့ဝင်များအား ထောက်ပံ့ပေးခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် စားသောက် ကုန်ပစ္စည်းနှင့် ဆေးဝါးများကို ထောက်ပံ့ပေးခြင်း များဆောင်ရွက်ကြသည်။

ဆက်လက်၍ ဒေသခံတိုင်းရင်းသားပြည်သူ များက ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးစေလို သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ် ရေး ကောင်းမွန်စေရေးတို့ကို တင်ပြကြရာ ဌာန ဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများနှင့် စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးကြပြီး ရွာသစ်ကုန်း ကျေးရွာ ကျေးရွာခွဲတာဝန်ခံက ကျေးဇူးတင်စကား ပြောကြားကာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် အခြေခံပညာအလယ်တန်းကျောင်း အသစ်တည်ဆောက်မည့် မြေနေရာကို ကြည့်ရှု စစ်ဆေးပြီး အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေ ကြသည့် ကျောင်းသား ကျောင်းသူများကို စားသောက် ဖွယ်ရာများပေးဝေ၍ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများကို ထောက်ပံ့ငွေများ ပေးအပ် သည်။

ညပိုင်းတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင်သည် ကျောက်ဖျာကျေးရွာရှိ ဒေသခံ သက်ကြီးရွယ်အို များကို နေပြည်တော်ကုသရေးဦးစီးဌာန နယ်လှည့် ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေး နေမှုနှင့် ဇေယျာသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ပန်းခင်းစီမံချက် (၂)ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

နေပြည်တော် ဇန်နဝါရီ ၁၅

မကွေးတိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ၄၈ ဦး တို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထား ပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကို ပြသသည်။



ထို့နောက် ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။ ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါမိပတိသာသနဒ္ဓဇမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ကျွန်တော်တို့နိုင်ငံဟာ ဗုဒ္ဓဘာသာကို အထွတ်အမြတ်ထားကိုးကွယ်တဲ့နိုင်ငံဖြစ်တဲ့အတွက်ကြောင့် အခုလို မြတ်ဗုဒ္ဓရဲ့ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတာက ကျွန်တော်တို့အတွက် ထူးကဲတဲ့လာဘ်တစ်ပါး ဖြစ်ပါတယ်

**ဦးစိုးသွင်**

နေပြည်တော် ဇန်နဝါရီ ၁၅

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မကွေးတိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်း ဂေါပကဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ ပါဝင်သည့် ဘုရားဖူးအဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် လာရောက်ဖူးမြော်ကြည်ညိုကြရာ အဆိုပါလာရောက်ဖူးမြော်ကြည်ညိုကြသူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်။**

**ဦးအောင်ဆန်း**
**(မကွေးတိုင်းဒေသကြီး မြသလွန်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်)**

ကျွန်တော်တို့က မာရဝိဇယဘုရားကြီးကို တစ်ခါမှမရောက်ဖူးပါဘူး။ အခုမှလာရောက်ဖူးမြော်ခြင်းဖြစ်ပါတယ်။ ဘုရားကြီးကို ရုပ်မြင်သံကြားတွေနဲ့ Social Media တွေပေါ်မှာပဲ မြင်တွေ့ဖူးမြော်ရပါတယ်။ အခုတော့ မျက်မြင်ကိုယ်တွေ့ ဘုရားကြီးရဲ့ ကြီးကျယ်ခမ်းနားစွာ တည်ဆောက်ပူဇော်ထားရှိတာကို တွေ့မြင်ရပါတယ်။ ကျွန်တော်တို့မကွေးမြသလွန်စေတီတော်ဘုရားကြီးထက် မာရဝိဇယဘုရားကြီးက ပိုပြီးသပ္ပာယ်တင့်တယ်ပါတယ်။ ရင်သပ်ရှုမောဖွယ်ရာ မြန်မာမှုလက်ရာများကို တွေ့ရတော့ အလွန်အံ့သြဂုဏ်ယူမိပါတယ်။ အခုလိုမျိုးဘုရားကြီးတည်ထားခြင်းအားဖြင့် အမျိုးဘာသာ၊ သာသနာကို တိုးတက်ကောင်းမွန်အောင် ပြသရာလည်းရောက်တဲ့အတွက် ကောင်းပါတယ်။ ဒီထက်မကလည်း အမျိုးဘာသာ၊ သာသနာပိုမိုတိုးတက်ဖို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ရဲ့ဘုရားမှာထက် မာရဝိဇယဘုရားကြီးက ရတနာပုံခေတ်က မြန်မာမှု လက်ရာတွေကဲ့သို့ တည်ထားတာကိုလည်းတွေ့ရပါတယ်။ ဒီလိုသာသနိက အဆောက်အအုံတွေကို ခေတ်စနစ်နဲ့အညီ ခေတ်သစ် နည်းပညာတွေနဲ့ တည်ထားကိုးကွယ်ပူဇော်ခြင်းက ဗုဒ္ဓဘာသာ၊ သာသနာတော်ကို ယုံကြည်ကိုးကွယ်မှုအား ကမ္ဘာကသိအောင်သမိုင်းတင် ကျန်ရစ်စေမယ့် ထင်ထင်ရှားရှား ပြသခွင့်ရတဲ့ သာသနိက အဆောက်အအုံ၊ ဘုရားကြီးတစ်ဆူလို့ ယူဆပါတယ်။ ကျွန်တော်တို့ကလည်း ဒီဘုရားကြီးရဲ့ စီမံခန့်ခွဲတဲ့အပိုင်းတွေကို အတုယူပြီး မိမိတို့တာဝန်ယူထားတဲ့ ဘုရားစေတီမှာလည်း ပိုပြီးတော့ ကြည်ညိုဖွယ်ဖြစ်အောင် ကြိုးစားဆောင်ရွက်မယ်လို့ပြောချင်ပါတယ်။ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

**ဦးကျော်သိန်း**
**(မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှင်ပင်စက္ကိန်းတဲစေတီတော်မြတ်ကြီး ဂေါပကဥက္ကဋ္ဌ)**

မာရဝိဇယ ဘုရားကြီးကို လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက ဟောကြားခဲ့တာ ရှိပါတယ်။ “ဗုဒ္ဓမြတ်စွာ၊ သာသနာကို ကောင်းစွာကြိုတင်၊ မပြုပြင်သော်၊ အမြင်မှိန်မှေး၊ အထင်သေး၍၊ ယဉ်ကျေးဖွယ်ရာ၊ အဖြာဖြာနှင့် ဘာသာဝါဒ၊ ဟူသမျှတို့၊ စစကုန်သုဉ်း ပြုတ်ပြုတ်ပြုန်းလိမ့်” ဟု ဆိုထားပါတယ်။ ကျွန်တော်တို့ ဘာသာ သာသနာအတွက် ကျွန်တော်တို့တွေအားလုံးကလည်းပဲ ကြိုတင်ပြီးတော့ သာသနာကို ဒီထက်မက ထွန်းကားလာအောင် သာသနာကိန်းအောင်းလာအောင် လုပ်ဖို့အတွက် ကျွန်တော်တို့လည်း တာဝန်ရှိသလို အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အခုလိုမြင်ရတော့ အင်မတန်အံ့သြပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်ကြီးကို ရုပ်မြင်သံကြားတို့၊ သတင်းစာမှာလည်း တွေ့မြင်ရပါတယ်။ “မာရ”ဆိုတာ ရန်သူကို အောင်မြင်ခြင်းဖြစ်ပါတယ်။ ဒေဝပုတ္တမာန်၊ ကိလေသာမာန်၊ ခန္ဓာမာန် စတဲ့မာန်သည် ရန်ဖြစ်ပါတယ်။ မာရဝိဇယဆိုတဲ့ ရုပ်ပွားတော်မြတ်ကြီးကို ဒီလိုမျိုးတည်ထားကိုးကွယ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ တိုင်းပြည်အေးချမ်းမယ့်လက္ခဏာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ကလည်း ဘဏ္ဍာထိန်းဂေါပကတွေ ဖြစ်တဲ့အတွက်ကြောင့်အခုလို လာရောက်ဖူးမြော်တဲ့အခါမှာ မာရဝိဇယဘုရားကြီးရဲ့ မေတ္တာဓာတ်တွေ၊ သိဒ္ဓိတန်ခိုး စတာတွေကို ခံယူပြီးတော့ ငါတို့ သာသနာပြုဖို့ရောက်ရှိလာတာပဲလို့ ခံယူပါတယ်။ ဒီလိုမျိုး သာသနိကအဆောက်အအုံတွေ၊ ကျောက်စာတွေကိုလည်း ဖူးတွေ့ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ကျွန်တော်တို့ ပြန်သွားတဲ့အခါမှာ မာရဝိဇယဘုရားကြီးရဲ့ အတုယူစရာအားလုံးကို အတုယူပြီး မိမိတို့တာဝန်ယူထားတဲ့ ဘုရားများကိုလည်း ကောင်းမွန်အောင် လုပ်ဆောင်သွားပါ့မယ်။ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

**ဦးဝင်းငွေ**
**(မင်းဘူးခရိုင် မင်းဘူးစကုမြို့နယ် မန်းရွှေစက်တော်ဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ )**

မြတ်စွာဘုရား လက်ထက်ကတည်းက မန်းရွှေစက်တော်ဘုရားကြီးမှာ မြတ်စွာဘုရားရဲ့ခြေတော်ရာနှစ်ဆူ တည်ထားကိုးကွယ်ခဲ့ပါတယ်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးဖြစ်တဲ့အတွက် ဘုရားမှာ အဓိကတာဝန်ကို ထမ်းဆောင်ရတာကြောင့် အလွန်ဝမ်းသာပီတိဖြစ်မိပါတယ်။ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ စီစဉ်ပေးမှုကြောင့် မာရဝိဇယဘုရားကြီးကို အခုလို လာရောက်ဖူးမြော်ရတာ အလွန်အင်မတန်မှ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဘုရားကြီးကို TV တွေမှာသာ ဖူးမြော်ရတာဖြစ်ပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာ၏ အနှစ်သာရဖြစ်တဲ့ ပိဋကသုံးပုံ၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားများ၊ ကျောက်စာများကို ခေတ်မီနည်းပညာသုံးပြီး ထွင်းထုပူဇော်ထားထာကိုလည်း တွေ့ရပါတယ်။ ဘုရားကြီးတည်ဖို့ စကျင်ကျောက်တွေစတင်သယ်ဆောင်လာတာကို တွေ့ကတည်းက ဖူးချင်ခဲ့တာဖြစ်ပါတယ်။ အခုလို ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော်ရတဲ့အတွက် ဂုဏ်ယူဝမ်းသာမိပါတယ်။ အထူးလည်းသဒ္ဓါတရားတွေ ကြည်နူးပွားများမိပါတယ်။ ကမ္ဘာတည်သရွေ့ ဗုဒ္ဓသာသာတော်နှင့်အတူ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးလည်း အစွန့်ရှည်တည်တံ့ပါစေလို့ ဆုတောင်းပါတယ်။

**ဦးစိုးသွင်**
**(သရက်မြို့ ဆုတောင်းပြည့်ဘုရားကြီး ဂေါပကဥက္ကဋ္ဌ)**

ကျွန်တော်တို့ သရက်မြို့ ဆုတောင်းပြည့်ဘုရားကြီး တည်ထားတာ နှစ်ပေါင်း ၁၀၀ ကျော်ရှိပါပြီ။ မာရဝိဇယဘုရားကြီးကို TV၊ သတင်းစာတွေမှာပဲ ဖူးမြော်ရတာဖြစ်ပါတယ်။ အခုတော့ ကိုယ်တိုင်ကိုယ်ကျဖူးမြော်ရပါပြီ။ စကျင်ကျောက်နဲ့ ထုထားတဲ့ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက ကမ္ဘာမှာလည်း ဉာဏ်တော်အမြင့်ဆုံး၊ အကြီးဆုံးဆိုတဲ့ ဂုဏ်ပုဒ်တွေနဲ့ ထူးထူးခြားခြား တည်ဆောက်ထားတာကို တွေ့မြင်ဖူးမြော်ရပါတယ်။ ဘုရားကြီးကို စဖူးမြော်ကတည်းက ကျွန်တော်ရဲ့ စိတ်ထဲမှာ အားလုံးက စုပေါင်းဆောင်ရွက်ခြင်း၊ စုပေါင်းစေတနာသဒ္ဓါတရားထက်သန်မှုတွေကိုလည်း တွေ့မြင်ရပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဗုဒ္ဓဘာသာကိုအထွတ်အမြတ်ထားကိုးကွယ်တဲ့ နိုင်ငံဖြစ်တဲ့အတွက်ကြောင့် အခုလိုမြတ်ဗုဒ္ဓရဲ့ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတာက ကျွန်တော်တို့အတွက် ထူးကဲတဲ့ လာဘ်တစ်ပါးဖြစ်ပါတယ်။ ဘုရားကြီးကို မဖူးမြင်ရတဲ့သူတွေကိုလည်း လာရောက်ဖူးမြော်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ ဘုရားကြီးမှာခေတ်စနစ်နဲ့အညီ ခေတ်သစ်နည်းပညာတွေနဲ့ ဗုဒ္ဓဘာသာသာသနာတော်အတွက်ကမ္ဘာမှာ မှတ်တမ်းတင်ထိုက်တဲ့ မြန်မာမှုအနုပညာလက်ရာတွေကိုလည်း ဖူးမြော်မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဒီလိုမျိုးဖူးမြော်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။



ဦးအောင်ဆန်း



ဦးကျော်သိန်း



ဦးဝင်းငွေ



ဦးစိုးသွင်

သတင်းနှင့်ဓာတ်ပုံ
နိုင်ထွန်း၊ လဲ့ရည်လှိုင်

# မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံနေမှု ကြည့်ရှုအားပေး

**မော်လမြိုင် ဇန်နဝါရီ ၁၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ပြည်သူများ၊ အသက်ငါးနှစ်မှ (၁၂)နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ မော်လမြိုင် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက် ဌာနဆိုင်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများက အထွေထွေရောဂါကုဆေးရုံကြီး (မော်လမြိုင်)၌ သွားရောက်၍ ထိုးနှံကြသည်။



နံနက်ပိုင်းတွင် (Pfizer)ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ သက်ကြီးရွယ်အိုဘိုးဘွားများ၊

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက မော်လမြိုင် အထွေထွေရောဂါကုဆေးရုံကြီး၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီးများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း ဆောင်ရွက်ပေးနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများအား ဦးတည်အုပ်စုများအတိုင်း ဆက်လက်၍ ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လူမှုဖူလုံရေးအဖွဲ့ ရွှေ့လျားဆေးကုသယာဉ်ဖြင့် ASIA WORLD PORT TERMINAL တွင် ကွင်းဆင်း ဆေးကုသမှုဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁၅**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ရွှေ့လျားဆေးကုယာဉ်ဖြင့် အကျုံးဝင်အလုပ်ဌာနဖြစ်သည့် ASIA WORLD PORT TERMINAL မှ လူမှုဖူလုံရေးအာမခံ အလုပ်သမားများအား ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် လိုအပ်သော ဆေးဝါးကုသမှုများ၊ ဓာတ်ခွဲစမ်းသပ်မှုများ၊ နှလုံးအတွက် ECG စစ်ဆေးခြင်းများကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြို့နယ်လူမှုဖူလုံရေး(အလုံ)၌ ဆောင်ရွက်ပေးသည်။



လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေအရ အကျုံးဝင် အာမခံအလုပ်သမား ၁ ဒသမ ၂ သန်းကျော်ရှိပြီး လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၀၊ စာချုပ်ဆေးခန်း ၅၄ ခန်း၊ သားဖွားမီးယပ် ပြင်ပလူနာကုသမှု ဆောင်ရွက်သည့် စာချုပ်ဆေးခန်း ၂၃ ခန်း၊ မီးဖွားဝန်ဆောင်မှု ဆောင်ရွက်လျက်ရှိသော စာချုပ်ဆေးရုံ/သားဖွားခန်း ၁၂ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းတို့ဖြင့် လူမှုဖူလုံရေးအကျုံးဝင် အာမခံအလုပ်သမားများအား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်လူမှုဖူလုံရေး(အလုံ) တွင် ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံ၊ လမ်းမတော်မြို့နယ်တို့ ပါဝင်ပြီး အလုပ်ဌာန ၁၂၀၁ ဌာန၊ လူမှုဖူလုံရေး အကျုံးဝင် အာမခံ အလုပ်သမား ၃၀၅၆၉ ဦးတို့အား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ မကျန်းမာမှု အကျိုးခံစားခွင့်၊ မီးဖွားမှုအကျိုးခံစားခွင့်၊ နာရေးစရိတ်၊ အလုပ်တွင် ထိခိုက်မှုကြောင့် ယာယီမသန်စွမ်းဖြစ်မှု အကျိုးခံစားခွင့်၊ အမြဲတမ်း မသန်စွမ်း အကျိုးခံစားခွင့်နှင့် အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရမည်းသင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးလျက်ရှိ

**ရမည်းသင်း ဇန်နဝါရီ ၁၅**

ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံပြင်ပလူနာဌာန၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီခွဲက မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်မော် ဦးဆောင်၍ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို ရမည်းသင်းမြို့နယ်အတွင်း ကျန်းမာရေးဝန်ထမ်းများ၊ အသက် ၅၀ နှင့်အထက် ဌာနဆိုင်ရာဝန်ထမ်းများ၊ အသက် ၁၈ နှစ်အထက် နာတာရှည်ရောဂါရှိသူများနှင့် ကိုယ်ခံအားကျဆင်းသည့် ရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင် မိခင်များ စုစုပေါင်း ၉၁၀ ကို ထိုးနှံပေးကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထိုးနှံခြင်းကို ရမည်းသင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။ **ဇော်ဝင်းအောင်**

# ထန်းတပင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအစိုးရခွင့်ပြု ရန်ပုံငွေတို့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြို့နယ်အတွင်းရှိ ကျေးရွာများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဇန်နဝါရီ ၁၅ ရက်က လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ကွင်းဆင်းစစ်ဆေးရာတွင် မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်နှင့် တာဝန်ရှိသူများက အုတ်ဖိုကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၀၆ ဒသမ ၇၀၀ သန်းဖြင့် ကျေးရွာကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း လမ်းအရှည် ၁/၂ ဒသမ ၆၀၆ မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မခင်းခြင်းလုပ်ငန်း၊ ထိန်နှစ်ပင်ကျေးရွာတွင်၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၅၉ ဒသမ ၄၃၇ သန်းဖြင့် ကုန်ထုတ်ဂဝံလမ်းခင်းခြင်းလုပ်ငန်း လမ်းအရှည် ၁/သုည ဒသမ ၄၈၅ မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မခင်းခြင်းလုပ်ငန်းနှင့် ကြို့ပင်ဝိုင်းကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၇၉ ဒသမ ၉၄၀ သန်းဖြင့် ကျေးရွာကုန်ထုတ်မြေသားလမ်းခင်းခြင်းလုပ်ငန်း လမ်းအရှည် ၁/၄ မိုင်၊ အကျယ် ၁၈ ပေ၊ ဒု နှစ်ပေခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၅၂၃၂ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၅၄ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ်သတင်းထုတ်ပြန်ချက် (၁၅-၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၇-၁-၂၀၂၄)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၁-၂၀၂၄)ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅,၂၃၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၄)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၅)ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရုရှားနှင့် မြောက်ကိုရီးယားတို့က ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်



**မော်စကို ဇန်နဝါရီ ၁၅**

ရုရှားနိုင်ငံသည် မြောက်ကိုရီးယားနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်ဟု ကရင်မလင်နန်းတော်ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပက်စကောဗ့်က ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားသည်။

မြောက်ကိုရီးယားသည် ရုရှားနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို ကဏ္ဍစုံ၌မြှင့်တင်မည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး Choe Son Hui ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အတွင်း ရုရှားနိုင်ငံသို့ အလည်အပတ် သွားရောက်မည်ဖြစ်သည်။

၎င်းခရီးစဉ်အတွင်း ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး Choe Son Hui တို့အကြား တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ၎င်းဆွေးနွေးပွဲမှ ပြည့်စုံသည့်ရလဒ်များ ရရှိလာမည်ဟု မော်စကိုက ယုံကြည်ထားသည်။

ထို့ပြင် ရုရှားနိုင်ငံသမ္မတ ပူတင်သည် မကြာမီအချိန်အတွင်း မြောက်ကိုရီးယားနိုင်ငံသို့ အလည်အပတ်သွားရောက်မည်ဖြစ်ကြောင်း ပက်စကော့ဗ်က ထပ်လောင်းပြောကြားသည်။ **ကိုးကား-စပွတ်ညစ်**

**ဘာသာပြန်-စိုးသူရ**



# ဗီယက်နမ်နိုင်ငံက ၂၀၂၄ ခုနှစ်တွင် ပို့ကုန်များကို ခြောက်ရာခိုင်နှုန်းအထိ တိုးမြှင့်တင်ပို့ရန် ရည်မှန်းထား

**ဟန္နိုင်း ဇန်နဝါရီ ၁၅**

ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်မှုဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ်တွင် ပို့ကုန်များကို ခြောက်ရာခိုင်နှုန်းအထိ တိုးမြှင့်တင်ပို့ရန်ရည်မှန်းထားပြီး ကုန်သွယ်မှုပိုငွေမှာ ကိုးနှစ်ဆက်တိုက် မြင့်တက်ခဲ့ကြောင်း ဗီယက်နမ်သတင်းစာများက ဇန်နဝါရီ ၁၅ ရက်တွင် ဖော်ပြထားသည်။

**ပို့ကုန်တိုးမြှင့်ရန် အရေးကြီး**

လက်ရှိလွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်များကို အခြေခံကာ ယူအေအီးကဲ့သို့သော ဈေးကွက်သစ်များနှင့် သဘောတူညီချက်များ လက်မှတ်ရေးထိုးခြင်းသည် ဗီယက်နမ်၏ကုန်သွယ်မှုကို မြှင့်တင်ရန်၊ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်နှင့် လာမည့်နှစ်များတွင် ပို့ကုန်တိုးမြှင့်ရန် အရေးကြီးကြောင်း ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်မှုဝန်ကြီးဌာန၏အဆိုအရ သိရသည်။

အထည်အလိပ်လုပ်ငန်းသည် ၂၀၂၄ ခုနှစ်အတွက် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံအထိရောက်ရှိရန် မျှော်မှန်းထားပြီး ၂၀၂၃ ခုနှစ်တွင် ရရှိထားသည့် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၃ ဘီလီယံနှင့် နှိုင်းယှဉ်ပါက ၉ ဒသမ ၂ ရာခိုင်နှုန်း တိုးလာမည်ဟု မျှော်မှန်းထားကြောင်း ဗီယက်နမ် အထည်အလိပ်နှင့် အဝတ်အထည်အသင်းထံမှ သိရသည်။ ထို့ပြင် ရေထွက်ကုန်တင်ပို့မှုမှာ ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံအထိ ရှိလာမည်ဟုလည်း ခန့်မှန်းထားသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ကုန်သွယ်မှုပိုငွေဒေါ်လာ ၂၈ ဘီလီယံအထိ ရရှိခဲ့ပြီး ၂၀၂၂ ခုနှစ်ထက် သုံးဆပိုမိုများပြားခဲ့ကြောင်း နိုင်ငံ၏ အထွေထွေစာရင်းအင်းရုံးမှ သိရသည်။

ယမန်နှစ်က ပို့ကုန်မှ ဒေါ်လာ ၃၅၄ ဒသမ ၅ ဘီလီယံနှင့် သွင်းကုန်မှ ကန်ဒေါ်လာ ၃၂၈ ဒသမ ၅ ဘီလီယံ အပါအဝင် စုစုပေါင်း သွင်းကုန်/ပို့ကုန် တန်ဖိုးမှာ ဒေါ်လာ ၆၈၃ ဘီလီယံရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ယီမင်နိုင်ငံရှိ စစ်စခန်းများအား အမေရိကန်နှင့် ဗြိတိန် ပူးတွဲတိုက်ခိုက်မှုရပ်တန့်ရေးဆန္ဒပြပွဲ အီရတ်နိုင်ငံတွင် ကျင်းပ

**ဘဂ္ဂဒက် ဇန်နဝါရီ ၁၅**

ယီမင်နိုင်ငံရှိ ဟူသီအဖွဲ့များ၏ စစ်စခန်းများအား အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့က လေကြောင်းမှ တိုက်ခိုက်နေခြင်းကို ဆန့်ကျင်ကန့်ကွက်သည့်ဆန္ဒပြပွဲများ အီရတ်နိုင်ငံမြို့တော်ဘဂ္ဂဒက်၌ ဇန်နဝါရီ ၁၃ ရက်ကကျင်းပခဲ့ကြောင်း သိရသည်။

အီရတ်နိုင်ငံသား ရာပေါင်းများစွာသည် ဘဂ္ဂဒက်မြို့ရှိ တီဟာရင်ပြင်၌စုဝေးကာ အမေရိကန်ဆန့်ကျင်ရေးကြွေးကြော်သံများဖြင့် ဆန္ဒပြခဲ့ပြီး အမေရိကန်၏နောက်လိုက်နိုင်ငံဖြစ်သည့် အစ္စရေးနိုင်ငံကိုလည်း ရှုတ်ချကန့်ကွက်ခဲ့ကြသည်။ အမေရိကန်နှင့် ဗြိတိန်၏ လေကြောင်းတိုက်ခိုက်မှုများသည် နိုင်ငံတကာဥပဒေများနှင့် ဆန့်ကျင်နေကြောင်းလည်း ဆန္ဒပြသူများကပြောကြားသည်။ အမေရိကန်နှင့် ဗြိတိန်တို့၏ ယီမင်အပေါ် လေကြောင်းတိုက်ခိုက်မှုသည် အကြမ်းဖက်မှုကျူးလွန်ခြင်းသာဖြစ်သဖြင့် မိမိတို့ရှုတ်ချကြောင်း ဆန္ဒပြသူများက ထပ်လောင်းပြောကြားသည်။ အမေရိကန်နိုင်ငံသည် မိမိနိုင်ငံတွင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီထွန်းကားကြောင်း ကြေညာလေ့ရှိသော်လည်း အခါအားလျော်စွာအခြားနိုင်ငံများ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လေ့ရှိပြီး လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ၏ အခြေခံစံနှုန်းများကို လိုက်နာမှုမရှိကြောင်း ဆန္ဒပြသူတစ်ဦးက ပြောကြားသည်။

ဟူသီအဖွဲ့သည် ဂါဇာဒေသတွင် အမေရိကန်ကျောထောက်နောက်ခံပြုထားသည့် အစ္စရေးတို့၏ တိုက်ခိုက်မှုများရပ်တန့်စေရေးအတွက် ပင်လယ်နီအတွင်းရှိကုန်တင်သင်္ဘောများကို တိုက်ခိုက်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**




# မြောက်ကိုရီးယားနိုင်ငံ၌ အစိုင်အခဲလောင်စာသုံး တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည် အောင်မြင်စွာစမ်းသပ်

**ပြုံယမ်း ဇန်နဝါရီ ၁၅**

မြောက်ကိုရီးယားနိုင်ငံသည် အစိုင်အခဲလောင်စာသုံး တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်ကို ဇန်နဝါရီ ၁၄ ရက်တွင် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါဒုံးကျည်တွင် အသံထက်မြန်သော ထိပ်ဖူးတစ်ခုပါရှိကြောင်းနှင့် အရည်အသွေးမြင့် ယုံကြည်စိတ်ချရသည့် အစိုင်အခဲလောင်စာသုံး အင်ဂျင်ပါရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။



မြောက်ကိုရီးယားသည် တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်များ အသွင်ကူးပြောင်းမှုမှ တစ်ဆင့် ဒုံးကျည်တိုက်ခိုက်မှုများကို လုပ်ဆောင်နိုင်စွမ်းတိုးမြှင့်ရန် ကြိုးစားနေသည်ဟု လေ့လာသူများက ပြောကြားသည်။ အသံ၏ အမြန်နှုန်းထက် ငါးဆခန့် ပျံသန်းနိုင်သော ဒုံးကျည်များတီထွင်မှုသည် မြောက်ကိုရီးယား၏ ငါးနှစ်ကြာကာကွယ်ရေးအစီအစဉ် တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ၎င်းတို့ကိုပစ်ချရန် ခက်ခဲမည်ဟု လေ့လာသူများက ထပ်လောင်းပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**

# ဂါဇာဒေသတွင် ပါလက်စတိုင်းသေဆုံးသူ ၂၄၀၀၀ ကျော်ရှိလာ

**ဂါဇာ ဇန်နဝါရီ ၁၅**

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေး၏တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းသေဆုံးသူဦးရေသည် ဇန်နဝါရီ ၁၅ ရက်တွင် ၂၄၀၀၀ ကျော် ရှိပြီဖြစ်ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဂါဇာကမ်းမြောင်တွင် အစ္စရေးစစ်ဘက်၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၃၂ ဦး သေဆုံးပြီး ၂၅၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်ကစတင်ခဲ့သည့် အစ္စရေး-ဟားမတ်စ် ပဋိပက္ခဖြစ်ပွားပြီးနောက်ပိုင်း ပါလက်စတိုင်းသေဆုံးသူ စုစုပေါင်း ၂၄၁၀၀ နှင့် ဒဏ်ရာရရှိသူ ၆၀၈၃၄ ဦးအထိ ရှိလာခဲ့ကြောင်း ယင်းဝန်ကြီးဌာနက မှတ်ချက်ပြုပြောကြားသည်။

အစ္စရေး၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဂါဇာကမ်းမြောင်မြောက်ပိုင်း၏ ၇၀ ရာခိုင်နှုန်းကျော်သည် နေထိုင်ရန်မဖြစ်နိုင်တော့ကြောင်းလည်း ပါလက်စတိုင်းအရပ်ဘက်ကာကွယ်ရေးဌာနက ဇန်နဝါရီ ၁၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

တစ်ချိန်တည်းတွင် အနောက်ဘက်ကမ်း၌ အစ္စရေးတပ်ဖွဲ့များနှင့် ထိပ်တိုက်တွေ့ဆုံမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ဇန်နဝါရီ ၁၄ ရက်က အနည်းဆုံး ပါလက်စတိုင်းငါးဦး သေဆုံးခဲ့ကြောင်းလည်း ပါလက်စတိုင်းမီဒီယာများ၏ဖော်ပြချက်အရ သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကန့်ကွက်ရှုတ်ချပွဲများ ပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၁၅

အကြမ်းဖက်သောင်းကျန်းသူများက ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားမှုများအား ကန့်ကွက်ရှုတ်ချပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပပြုလုပ်လျက်ရှိသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့၌လည်းကောင်း၊ ဇန်နဝါရီလ ၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌လည်းကောင်း ကျင်းပပြုလုပ်ကြသည်။ ဦးစွာ ကန့်ကွက်ရှုတ်ချပွဲများသို့ တက်ရောက်လာကြသူများသည် သတ်မှတ်နေရာအသီးသီးမှ ချီတက်စုဝေးကြပြီး သံဃာတော်များနှင့် မျိုးချစ်ပြည်သူဦးဆောင်သူများက ဗုဒ္ဓဘာသာအပေါ် ဖျက်ဆီးရန်လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်း ဟောပြောကြသည်။

ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများက "ဗုဒ္ဓဘာသာကို စော်ကားဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများအား (ဆန့်ကျင်ကြ)၊ စေတီပုထိုးနှင့် ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများနှင့် သာသနာဖျက်များအား (ဆန့်ကျင်ကြ)၊ လူမျိုးရေးခွဲခြား၊ သာသနာကို စော်ကားဖျက်ဆီးနေသူများအား (ဆန့်ကျင်ကြ)၊ အကြမ်းဖက်အားပေး လောက်ကောင်များအား (အလိုမရှိ)၊ သာသနာဖျက် အကြမ်းဖက်သမားများအား (အလိုမရှိ)၊ ဗုဒ္ဓသာသနာကို ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သမားများ (ကျရှုံးပါစေ)၊ စေတီပုထိုး၊ ဆင်းတုတော်များကို ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများ (ကျရှုံးပါစေ)" စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များကိုင်ဆောင်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





MNDAA အကြမ်းဖက်သောင်းကျန်းသူများက ဗုဒ္ဓဘာသာအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားစော်ကားမှုများဖြစ်သော ဗုဒ္ဓရုပ်ပွားတော်များကို ဖျက်ဆီးခြင်း၊ စေတီတော်ကို ဖြိုဖျက်ခြင်း စသည့် လုပ်ရပ်များကို ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးက ဇန်နဝါရီ ၁၅ ရက်တွင် ကန့်ကွက်ရှုတ်ချပွဲ ပြုလုပ်စဉ်။ သတင်းစဉ်

## ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်နှင့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တို့ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၅

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် သစ်ပုတ်ကျေးရွာအုပ်စုရှိ တောင်ခမောက်ကျေးရွာနှင့် မအူကွင်းကျေးရွာတို့ကို ပြည်သူ့စစ်ဖွဲ့ရန် ငြင်းပယ်မှု၊ တပ်သားသစ် စုဆောင်းမပေးမှုတို့ကြောင့် ဇန်နဝါရီ ၁၄ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို Khit Thit Media က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

### သတင်းမှားများ ရေးသားဖြန့်ဝေ

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဇန်နဝါရီ ၁၄ ရက်က ပေါင်းတည်မြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေးဆောင်ရွက်နေစဉ် ၎င်းကျေးရွာများကို PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရပြီး ပြည်သူများက အထင်အမြင် လွဲမှားစေရန် သတင်းမှားများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်သည်။

ထို့အတူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် တောကန်ကျေးရွာအား ယနေ့နံနက်ပိုင်းတွင် တပ်မတော်မှ မီးရှို့ခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit Media က သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့နယ် တောကန်ကျေးရွာအနီး နယ်မြေလုံခြုံရေးဆောင်ရွက်နေစဉ် AA သောင်းကျန်းသူအဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးအဖွဲ့များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး AA သောင်းကျန်းသူအဖွဲ့များက ကျေးရွာရှိ လူနေအိမ်များအား မီးရှို့၍ ထွက်ပြေးသွားခဲ့ကြောင်းနှင့် လုံခြုံရေးအဖွဲ့များက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သော်လည်း လူနေအိမ်အချို့ မီးလောင်ပျက်စီးခဲ့ရကြောင်း သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

လက်နက်ကိုင်သောင်းကျန်းသူများသည် မြို့၊ ရွာများရှိ လူနေအိမ် အဆောက်အအုံများကို အကာအကွယ်ပြု၍ ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် လူနေအိမ်များ မီးရှို့ဖျက်ဆီးခြင်းအပါအဝင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝကို အကြမ်းဖက်သည့် နည်းလမ်းများဖြင့် ဖျက်ဆီးနေမှုများကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင် လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားကာ သွေးထိုးလှုံ့ဆော်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်







## တောင်ကုတ်မှ သစ်သားစက်ဘီး တီထွင်ဖန်တီးမှု အင်တာနက်သုံးသူများကြားတွင် စိတ်ဝင်စားမှု မြင့်တက်နေ



ရန်ကုန် ဇန်နဝါရီ ၁၅

တောင်ကုတ်မှ သစ်သားစက်ဘီးကို တီထွင်ဖန်တီးမှုက အင်တာနက်သုံးသူများကြားတွင် စိတ်ဝင်စားမှုမြင့်တက်နေပြီး အလားတူ စက်ဘီးမျိုးကို ထပ်မံဆန်းသစ်ကာ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ သစ်သားစက်ဘီးတီထွင်ဖန်တီးသူ ကိုဇော်မင်းထွန်းက ပြောသည်။

လက်ရှိတွင်လည်း အဆိုပါသစ်သားစက်ဘီးကို စိတ်ဝင်စားမှုရှိနေပြီး ဈေးလာရောက်စုံစမ်းမှုများလည်းရှိနေကာ လတ်တလော၌ ဈေးနှုန်းသတ်မှတ်ထားခြင်းမရှိသေးကြောင်း၊ ဝယ်ယူလိုသူများရှိလာပါက ဝယ်သူ၏ လိုချင်သည့် ပစ္စည်းအနေအထားနှင့် ကုန်ကျစရိတ်အပေါ်မူတည်ပြီး ဈေးနှုန်းသတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"ဈေးတွေ၊ ဘာတွေ လာရောက်စုံစမ်းကြတာရှိပါတယ်။ အမှာရှိရင်တော့ ရောင်းချဖို့အတွက် တီထွင်သွားဖို့ရှိပါတယ်။ ကိုယ်တီထွင်တဲ့ဟာလေးကို ကြိုက်တယ်ဆိုရင်တော့ ဝမ်းသာစရာပါ။ အခု ပထမဆုံးတီထွင်လိုက်တဲ့ စက်ဘီးက အိမ်မှာရှိတဲ့ သစ်သားနဲ့လုပ်လိုက်တာဆိုတော့ ကုန်ကျစရိတ်ကို တွက်ချက်ထားတာမျိုးမရှိပါဘူး။ လိုအပ်တာလေးတွေ ထပ်ဝယ်ရတာမျိုးပဲရှိတယ်။ ဝယ်သူရှိလာရင်တော့ ဝယ်သူလိုချင်တဲ့ပုံစံ၊ ကုန်ကျစရိတ်အပေါ်မူတည်ပြီး ဈေးနှုန်းသတ်မှတ်ရမှာပါ"ဟု ကိုဇော်မင်းထွန်းက ပြောသည်။

ယခုတီထွင်ထားသည့် သစ်သားစက်ဘီးမှာ ပုံမှန်နှုန်းနင်းရုံဖြင့် ပေါ့ပေါ့ပါးပါးစီးနိုင်ရန် တီထွင်ဖန်တီးထားခြင်းဖြစ်ကြောင်း၊ လာမည့်ရက်ပိုင်းအတွင်း ယခု တီထွင်ထားသည့် သစ်သားစက်ဘီးပုံစံကိုပင် ဒီဇိုင်းသစ်တစ်မျိုးဖြင့် ထပ်မံဖန်တီးရန်ရှိနေပြီး အဆိုပါစက်ဘီးသစ်တွင် ဝင်ရိုးကို သံထည်ပစ္စည်းသုံးမည်ဆိုပါက ပိုမိုအကြမ်းခံနိုင်မည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"နောက်ထပ် ၂ ရက်၊ ၃ ရက်လောက်မှာ ဒီဇိုင်းတစ်မျိုးနဲ့ လုံးဝပရော်ဖက်ရှင်နယ်ဖြစ်အောင် လူတိုင်းစီးလို့ရနိုင်မယ့်၊ အကြမ်းလည်းခံနိုင်မယ့် နောက်ထပ်စက်ဘီးကို တီထွင်သွားဖို့ရှိတယ်။ ဒီတစ်ပတ်အတွင်းမှာ နောက်ထပ်ဒီဇိုင်းတစ်မျိုးနဲ့ စက်ဘီးတွေနဲ့ပြိုင်ပြီး စီးလို့ရတဲ့ပုံမျိုး ထပ်လုပ်သွားဖို့ရှိတယ်။ အခုစက်ဘီးကျတော့ ဝင်ရိုးတွေမှာ သစ်သားပဲသုံးထားတော့ အချို့ခလေးတွေကျတော့ သံထည်ပစ္စည်းသုံးတာတောင် ကျိုးကျတာဆိုတော့ ဝင်ရိုးမှာ သံဝင်ရိုးလေး ထည့်ပေးမှာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

၎င်းအနေဖြင့် ၁၂ နှစ်သားအရွယ်က ယခုကဲ့သို့ သစ်သားစက်ဘီးကို တီထွင်ခဲ့ဖူးသော်လည်း စီးနိုင်သည့်အဆင့်အထိ မရောက်ခဲ့ဘဲ အသက် ၄၀ ကျော်အရွယ်ရောက်မှ အလုပ်အကိုင် ရှားပါးမှုများကြောင့် အဆိုပါသစ်သားစက်ဘီးကို ပထမဆုံးအကြိမ်အဖြစ် ထပ်မံတီထွင်ဖြစ်ခဲ့ကြောင်းလည်း သိရသည်။

MT

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အထူး) တောင်သူသင်တန်းဖွင့်ပွဲ ကျင်းပ

**ပဲခူး ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးမြို့ စက်မှုလယ်ယာသင်တန်းကျောင်း သင်တန်းခန်းမ၌ ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းက လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အထူး) တောင်သူသင်တန်းအမှတ်စဉ် (၃/၂၀၂၃-၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်း စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေများအား ဘဏ္ဍာနှစ်အလိုက် ဦးစားပေးဖော်ထုတ်ပေးလျက်ရှိပြီး စနစ်ကျလယ်ယာမြေ ဖော်ထုတ်ရန်ဆန္ဒရှိသည့် ကျေးရွာများရှိပါက သက်ဆိုင်ရာမြို့နယ် ထွန်စက်စခန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည်ကို သတင်းစကားပေးလိုကြောင်း၊ တောင်သူအကျိုးပြု လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းမှ ရရှိလာသည့် အသိပညာ၊ အတတ်ပညာများကို မိမိတို့ရပ်ရွာများတွင် ပြန်လည်အသုံးချပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘုရားကြီးမြို့ စက်မှုလယ်ယာသင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး ဦးသန်းထွန်းက စက်မှုလယ်ယာသင်တန်းကျောင်း (ဘုရားကြီး)၏ သမိုင်းကြောင်း၊ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ သင်တန်းဖွင့်လှစ်ပြီးစီးခဲ့မှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကာ သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အထူး) တောင်သူသင်တန်း အမှတ်စဉ် (၃/ ၂၀၂၃-၂၀၂၄)အား ဇန်နဝါရီ ၁၅ ရက်မှ မတ် ၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး အောက်မြန်မာပြည်မှ သင်တန်းသား ၄၀ တို့အား လက်သုံးကိရိယာ၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ထွန်စက်ကြီး၊ Engine System၊ Clutch & Transmission၊ Front Axle၊ Steering& Drive Line၊ Rear Wheel Drive & Brake System၊ PTO & Hydraulic၊ Electrical System၊ Driving Method၊ Maintenance & Repair ထွန်ယက်ကိရိယာများ၏ အခြေခံသဘော တရားနှင့် ထွန်ယက်နည်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## (၇၂)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားနှင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား ကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၅**

(၇၂)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကယားပြည်နယ် လွိုင်ကော်မြို့၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ဇော်မင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ကယားပြည်နယ်နေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ပေးပို့သော ၂၀၂၄ ခုနှစ် (၇၂) နှစ်မြောက်ကယားပြည်နယ်နေ့အထိမ်းအမှတ်သဝဏ်လွှာကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ဖတ်ကြားသည်။

ဆက်လက်ပြီး ကယားပြည်နယ်အစိုးရအဖွဲ့မှ ပေးအပ်သော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းကို ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး ပြည်နယ်အစိုးရအဖွဲ့၏ အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်နိုင်စေရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးလျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု ၅၇ ဆု၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆု ၁၈ ဆု၊ အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုအား ရွပ်ရွပ်ချံချံ တန်ပြန်တိုက်ခိုက်ခဲ့သော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆု ၆၆ ဆုနှင့် ဂုဏ်ပြုလက်မှတ်ရရှိသူ ၁၄၃ ဦး စုစုပေါင်း ၂၈၄ ဦးအား ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ်ဝန်ကြီးများက ပေးအပ်ချီးမြှင့်ရာ ဆုရရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ သဘာပတိများ၊ ဂုဏ်ထူးဆောင်ဘွဲ့ ထူးချွန်ဆုရရှိသူများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကာ အခမ်းအနားသို့ တက်ရောက်လာကြသူများအား အမှတ်တရလက်ဆောင်များပေးအပ်၍ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၁၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၅၆၅ | ၂၅၈၅ | ၂၅၇၀ | ၂၅၅၀ | ၂၆၄၅ | ၂၆၆၅ | ၂၅၅၅ | ၂၅၆၅ | ၂၆၀၀ | ၂၆၀၀ | ၂၆၀၅ | ၂၈၃၅ | ၂၉၀၀ |
| 95 Ron | ၂၆၂၅ | ၂၆၇၅ | ၂၆၇၅ | ၂၆၃၅ | ၂၆၇၅ | ၂၆၉၅ | ၂၆၈၀ | ၂၆၆၀ | ၂၇၅၅ | ၂၇၇၅ | ၂၆၆၅ | ၂၆၈၀ | ၂၇၃၀ | ၂၇၃၀ | ၂၇၁၅ | ၂၉၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၆၀ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၅ | ၂၄၃၀ | ၂၄၂၅ | ၂၃၉၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၀၀ | ၂၄၀၅ | ၂၄၄၅ | ၂၄၄၅ | ၂၄၄၅ | ၂၆၇၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၃၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၅ | ၂၅၂၀ | ၂၇၄၅ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၄၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၄၅ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၅ | ၂၄၇၅ | ၂၄၉၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၂၅ | ၂၇၅၅ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၉၇ | ၂၄၇၈ |
| 95 Ron | ၂၅၀၄ | ၂၅၈၇ |
| HSD (500 ppm) | ၂၂၄၅ | ၂၃၁၉ |
| HSD (50 ppm) | ၂၃၁၃ | ၂၃၈၉ |
| HSD (10 ppm) | ၂၃၂၁ | ၂၃၉၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်များလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၅**

ကျေးရွာနှင့် ရပ်ကွက်များရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ အလှူရှင်များက သုတရသစာအုပ် ၅၁၄ အုပ်ကို ယနေ့နံနက် ၁၀ နာရီက လှူဒါန်းခဲ့ရာ ဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

ယနေ့လှူဒါန်းသောစာအုပ်များမှာ ရာမညကိုကိုဝင်း ရေးသားပြုစုသည့် မှတစ်ပါး အခြားမရှိ မဟာသတိပဋ္ဌာန် မြန်မာပြန်ကျမ်းစာအုပ် ၁၅၀၊ တန်ဖိုး ၁၈ သိန်း၊ I engineering Myanmar Ltd.ကုမ္ပဏီဝန်ထမ်းများက သုတ/ရသ စာအုပ် ၃၄၁ အုပ်၊ တန်ဖိုးငွေကျပ် ၁၅ သိန်းနှင့် ကမာရွတ်မြို့နယ် သံလွင်လမ်းမှ ဒေါ်တင်လှိုင်လှူဒါန်းသော (၃၃)က ပြောပြသော ဆရာဝဖိုင်နော်အကြောင်း စာအုပ် ၂၃ အုပ်တို့ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသည် နိုင်ငံတစ်ဝန်းရှိ ပြည်သူများစာပေဖတ်ရှုပြီး အသိပညာဗဟုသုတ တိုးပွားလာစေရန် သုတရသစာအုပ်များကို ဖောင်ဒေးရှင်း၏ ရန်ပုံငွေဖြင့် နှစ်စဉ်ဝယ်ယူ၍ ထောက်ပံ့ခြင်း၊ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဆောက်လုပ်ရန် ထောက်ပံ့ခြင်း၊ အလှူရှင်များကလှူဒါန်းသောစာအုပ်များကို လက်ခံ၍ ပေးပို့ခြင်းများကို ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်၍ အလှူငွေနှင့် စာအုပ်များလှူဒါန်းလိုပါက အတွင်းရေးမှူး ဖုန်း ၀၉-၅၁၄၂၅၆၄၊ ရုံးအဖွဲ့မှူး ဖုန်း ၀၉-၄၂၀၇၀၀၃၂၆ တို့ကို ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားတက်ရောက်

ပုသိမ် ဇန်နဝါရီ ၁၅

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ရောဝတီတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ရောဝတီတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်မုခ်ဦးကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တိုင်းဒေသကြီး ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးခဲ့သည်။ ယင်းနောက် အခမ်းအနားကို ရတနာတန်ဆောင်ခန်းမ၌ ဆက်လက်ပြုလုပ်ရာ ပုသိမ်မြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "စုံညီပွဲတော်တို့နွဲပျော်"သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။




ဆက်လက်၍ တိုင်းဒေသကြီးပညာရေးမှူးက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း အကြောင်းရင်းများကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ဆုချီးမြှင့်ခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များကို ပြုလုပ်ရာ လွတ်လပ်ရေးနေ့အထိမ်းအမှတ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် Sukura Science High School Program (SSHP) in JFY 2023 သို့ လေ့လာရေးခရီးသွားရောက်ရန် ဆုရရှိသူများကို ပုသိမ်လေတပ်စခန်း ဌာနချုပ်မှူးနှင့်ဇနီးကလည်းကောင်း၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်း အဆင့်ပြိုင်ပွဲ၊ National ICT Awards 2023(မူလတန်းအဆင့်) ပြိုင်ပွဲ၊ မြန်မာ အမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကမ္ဘာ့ဆရာများနေ့ဆောင်းပါး ပြိုင်ပွဲတွင် ဆုရရှိသူများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီးကလည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်စာစီစာကုံး ပြိုင်ပွဲ၊ ကမ္ဘာ့ဆရာများနေ့ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ National ICT Awards 2023 (အလယ်တန်းနှင့် မူလတန်းအဆင့်) ပြိုင်ပွဲများတွင် ဆုရရှိသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး ကလည်းကောင်း၊ National ICT Awards 2023 (ဆရာအဆင့်အဖွဲ့လိုက်)ပြိုင်ပွဲ၊ National ICT Awards 2023 (အထက်တန်းအဆင့် ပြိုင်ပွဲ)၊ Clean and Green School ဆု၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကလည်းကောင်း ဂုဏ်ပြုဆုများနှင့် ဖျော်ဖြေရေး အက အဖွဲ့များအတွက် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ကျောင်းသား ကျောင်းသူလေးများ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေး ခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခရိုင်အလိုက် ခင်းကျင်းပြသထားသည့် ရောဝတီတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## မိုးကုတ်မြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော် ကျင်းပ

မိုးကုတ် ဇန်နဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ယမန်နေ့က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ မြသီတာခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ကြိုဆိုပါသည် စုံညီပွဲတော်တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး မိုးကုတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးကျော်သူရွှေက အမှာစကားပြောကြားကာ မြို့နယ် ပညာရေးမှူး ဒေါ်မူမူဆွေက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်သူရွှေ၊ မြို့နယ်ပညာရေးမှူး ဒေါ်မူမူဆွေ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူးနှင့် အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာ ဆရာမများက ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် ဘတ်စုံထူးချွန်သည့် ကျောင်းသား ကျောင်းသူများ၊ မြို့နယ်/ တိုင်းဒေသကြီးအဆင့် တို့တွင် အဂတိ လိုက်စားမှုတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့ ခေါင်းစဉ်ဖြင့် စာမူဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက တောင်ယာဝင်ချိန်၊ ပြည်ထောင်စုအင်အား၊ စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်၊ ဗမာမလေးပါရှင့် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများ တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်ဥက္ကလာပမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၂) အခြေခံ ပညာအထက်တန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ပညာရေး စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီ က အဆိုပါကျောင်းရှိ သီရိမြန်မာခန်းမ၌ ကျင်းပသည်။

### ဂုဏ်ပြုလွှာပေးအပ်

ဦးစွာ Grade 6 ကျောင်းသူလေးများက "မင်္ဂလာပါ" တေးသီချင်းဖြင့် အခမ်းအနားကိုဖွင့်လှစ်ခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်ဒေစီက အမှာ စကားပြောကြားကာ အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ခဲ့ သည်။

ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ပညာရည်ချွန်ဆုရရှိသောကျောင်းသား ကျောင်းသူများ၊ အားကစားပြိုင်ပွဲများတွင်ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။



ယင်းအပြင် အမှတ်(၂)အခြေခံပညာကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာ သင်နှစ် ဆရာ၊ မိဘ ကျောင်းသားစုံညီပွဲတော်နှင့်ပညာရည်ချွန် ဆုချီးမြှင့်ပွဲတွင် ကျောင်းသား ကျောင်းသူလေးများက တေးသီချင်း များ၊ အကအလှများဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

## သုံးခွမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပ

သုံးခွ ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာ သင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲအခမ်း အနားကို ယနေ့နံနက် ၉ နာရီခွဲက (အထက-၁) အစည်းအဝေးခန်းမ၌ ကျင်းပ သည်။



ဦးစွာ (အထက-၁) ကျောင်းသား ကျောင်းသူလေးများက "ကြိုဆိုပါသည် စုံညီပွဲတော်"သီချင်းဖြင့် သီဆိုဖျော်ဖြေ ဖွင့်လှစ်ပေးသည်။ ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းအောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းဌေးနှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးလင်းမောင်သက် တို့က အမှာစကားပြောကြားခဲ့ကြောင်း သည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပြိုင်ပွဲများအလိုက် ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ပညာရေးစုံညီပြခန်းအား လေ့လာကြည့်ရှုကြသည်။ ယင်းနောက် သုံးခွမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက တေးသီချင်းများ၊ ပြဇာတ်များဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

**စည်သူလင်း (ပြန်/ဆက်)**

**❍ အာရှဖလားမှ**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဖေဖော်ဝါရီ ၅ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဆူရာဗာရာမြို့သို့ ထွက်ခွာပြီး ဖေဖော်ဝါရီ ၇ ရက်နှင့် ၉ ရက်တို့တွင် အင်ဒိုနီးရှားဖူဆယ်လိဂ် ချန်ပီယံ Bintang Timur Futsal Club အသင်းနှင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် Regional East Java Team အသင်းနှင့်လည်းကောင်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို အုပ်ချုပ်/ နည်းပြ ကိုးဦး၊ ပဏာမကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး အဖွဲ့ခေါင်းဆောင်-ဒေါက်တာ ရဲမွန်ထွဋ်၊ အုပ်ချုပ်သူ - ဦးရဲဝင်းထွန်း၊ နည်းပြချုပ်-ဘန်လက်ချာယိုဝန် (ထိုင်း)၊ လက်ထောက်နည်းပြ-ဦးဌေးမြင့်၊ ဦးမောင်မောင်လွင်၊ ဂိုးနည်းပြ-ဦးထွန်းထွန်းလတ်၊ ကြံ့ခိုင်ရေးနည်းပြ-တာဝမ် (ထိုင်း)၊ ကစားသမားများအဖြစ် ဂိုးသမား-ညီညီသန့်၊ မိုင်စိုးမြတ်ထွေး (MIU)၊ ဇွဲပြည့်စုံ (VUC)၊ ကျော်ရဲသွေး (Generations)၊ ကစားသမား-မျိုးမြင့်စိုး၊ ဝေဇင်ဦး၊ ငြိမ်းမင်းစိုး၊ ထွဋ်ဝေထွန်း၊ ရဲရင့်ရွှေပေါ၊ ထွန်းမင်းလှိုင်၊ နိုင်လင်းထွန်းကျော်၊ ကောင်းဇော်ထက်၊ အောင်ဇင်ဦး (VUC)၊ လဖိုင်ဇော်လွန်း(Winner Soccer)၊ ရှိုင်းထက်အောင် (ဖူဆယ်ချစ်သူ)၊ မင်းချစ်သူ (M2K)၊ ကိုကိုလွင်၊ သက်ထွန်း၊ မျိုးသက်အောင်၊ နေထက်လင်း (MIU)၊ ဆက်ဝေယံ၊ ဇော်ဖြိုးဦး (Generations)၊ ခန့်တီမင်းထွေး၊ သော်ထက်အောင် (လင်းလက်)နှင့် နေမျိုးသက် (Futsal-19) တို့ ပါဝင်ကြသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

## ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကံပိုင်တည် ဇန်နဝါရီ ၁၅

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် ၁၇ ဒသမ ၀၀၀ ဒေါ်လာသန်းနှင့် သွင်းကုန် ၂ ဒသမ ၅၀၀ ဒေါ်လာသန်းဖြင့် စုစုပေါင်း ၁၉ ဒသမ ၅၀၀ ဒေါ်လာသန်း ဖြစ်သည်။

ဇန်နဝါရီ ၁၄ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ၁၅ ဒသမ ၂၇၅ ဒေါ်လာသန်း၊ သွင်းကုန် ၁ ဒသမ ၀၈၅ ဒေါ်လာသန်း စုစုပေါင်း ၁၆ ဒသမ ၃၆၀ ဒေါ်လာသန်းဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၈၃ ဒသမ ၈၉၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၄ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျော တန် ၄၁၁၅၀(တန်ဖိုး ၁၄ ဒသမ ၃၀၆ ဒေါ်လာသန်း)၊ ဖရဲသီး ၃၂၅ တန် (တန်ဖိုး သုည ဒသမ ၀၄၈ ဒေါ်လာသန်း)၊ မြေပဲဆန် ၃၄ တန်(တန်ဖိုး သုည ဒသမ ၀၃၇ ဒေါ်လာသန်း)၊ နှမ်းနက် ၃၃၆ တန်(တန်ဖိုး သုည ဒသမ ၄၆၄ ဒေါ်လာသန်း)၊ ရော်ဘာ ၁၀၅ တန်(တန်ဖိုး သုည ဒသမ ၁၄၅ ဒေါ်လာသန်း)၊ ငရုတ်သီး ၂၈၂ တန်(တန်ဖိုး သုည ဒသမ ၁၈၂ ဒေါ်လာသန်း)၊ ဆန် တန် ၁၄၀(တန်ဖိုး သုည ဒသမ ၀၈၀ ဒေါ်လာသန်း)နှင့် ရွှေဖရုံသီး တန် ၁၂၀ (တန်ဖိုး သုည ဒသမ ၀၁၂ ဒေါ်လာသန်း) တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းများမှာ သံပြား၊ သံပိုက်၊ မြက်ခင်းတု၊ ပန်းသီး၊ လိမ္မော်သီး၊ ကြွေပြားနှင့် လူသုံးကုန်ပစ္စည်းများဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်း ၂၆၀ ဒသမ ၆၄ တန်(တန်ဖိုး သုည ၂၆၉ ဒေါ်လာသန်း)၊ လုပ်ငန်းသုံးပစ္စည်း ၅၅၆ ဒသမ ၆၀ တန် (တန်ဖိုး သုည ဒသမ ၃၉၂ ဒေါ်လာသန်း)နှင့် လူသုံးကုန်ပစ္စည်း ၆၅၉ ဒသမ ၈၀ တန်(တန်ဖိုး သုည ဒသမ ၄၂၀ဒေါ်လာသန်း)တို့ တင်သွင်းနိုင်ခဲ့သည်။ ■

## ပန်းမုန်လာ(ခေါ်)ပန်းဂေါ်ဖီဈေးကောင်းမွန်သဖြင့် တောင်သူများအကျိုးအမြတ်ရရှိ

မုံရွာ ဇန်နဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ညောင်ဖြူပင်၊ သစ်ဆိမ့်၊ ထနောင်းတော၊ နဂါးတွင်း စသည့်ကျေးရွာများသည် ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်းလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိရာ တောင်သူများအနေဖြင့် ပန်းမုန်လာကို စက်တင်ဘာနှင့် အောက်တိုဘာ လဆန်းတွင် ပျိုးထောင်၍ ၃၅ ရက်သားတွင် စတင်စိုက်ပျိုးပြီး ရက်ပေါင်း ၉၀ ခန့်အကြာတွင် စတင်ခူးဆွတ်ရကြောင်း သိရသည်။



ပန်းမုန်လာစိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်များ အနေဖြင့် မြေပြုပြင်ခြင်း၊ မျိုး၊ စိုက်ပျိုးခြင်း၊ သွင်းအားစုနှင့် လုပ်သားခများ အပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ရှစ်သိန်းကုန်ကျပြီး ဈေးနှုန်းအနေဖြင့် ပန်းမုန်လာ အရွယ်အစားပေါ်မူတည်၍ တစ်ပွင့်လျှင် ငွေကျပ် ၁၅၀၀၊ ၂၀၀၀ ခန့်ထိ ရောင်းချရကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများက ကျေးရွာများအထိ လာရောက်ဝယ်ယူမှုများရှိသည့်အပြင် မြို့ပေါ်ပွဲရုံများနှင့် ရန်ကုန်၊ မန္တလေးမြို့ကြီးများအထိပါ တင်ပို့ရောင်းချလျက်ရှိရာ ဝင်ငွေအနေဖြင့် ငွေကျပ် ၁၅ သိန်းခန့်ရရှိကာ အကျိုးအမြတ်အနေဖြင့် ငွေကျပ်ခုနစ်သိန်းခန့် ရရှိသည့်အတွက် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

## မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်းများ ဆက်လက်မြင့်တက်

မုံရွာ ဇန်နဝါရီ ၁၅



စစ်ကိုင်းတိုင်း ဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင် အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက် လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးပေါ်မူတည်၍ ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀၊ ၁၁၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ဇန်နဝါရီလ ပထမပတ်တွင် ငွေကျပ် ၁၁၀၀၀၊ ၁၃၀၀၀ နှုန်းဖြင့် လည်းကောင်း၊ ဇန်နဝါရီလ ဒုတိယပတ်တွင် ငွေကျပ် ၁၄၀၀၀၊ ၁၆၀၀၀ နှုန်းဖြင့်လည်းကောင်း ရောင်းချလျက်ရှိကြောင်း၊ ဆောင်းရာသီတွင် ကွမ်းအထွက်နှုန်းများ လျော့နည်းပြီး ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှု နည်းပါးကာ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

## မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မြဝတီ ဇန်နဝါရီ ၁၅

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၃ ရက်ထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၄ ဒသမ ၃၂၅ အမေရိကန်ဒေါ်လာသန်းနှင့် သွင်းကုန် ၁၁ ဒသမ ၄၂၄ အမေရိကန်ဒေါ်လာသန်းဖြင့် စုစုပေါင်းကုန်သွယ်မှုပမာဏ ၁၅ ဒသမ ၇၄၉ အမေရိကန်ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

မြဝတီကုန်သွယ်ရေးဇုန်မှ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၉ ရက်မှ ၁၃ ရက်ထိ ပို့ကုန်တင်ပို့မှုအနေဖြင့် မြေပဲအစို ၃၈ ဒသမ ၃၁၅ တန်၊ ကြက်သွန်နီ ၂၀၇၄ ဒသမ ၁၈၀ တန်၊ ကော်ဖီစေ့ ၅၂ တန်၊ ငရုတ်သီးခြောက် ၄၀၀ ဒသမ ၃၈၂ တန်၊ ငရုတ်သီးစိမ်း အစို ၁၈၈ ဒသမ ၉၀၄ တန်၊ သင်္ဘောနှင့်သင်္ဘောရိုင်း ၉၆ တန်နှင့် ချုပ်ပြီးအထည် ၈၄၂၃ တန်တို့ ဖြစ်သည်။

သွင်းကုန်အနေဖြင့် ပလတ်စတစ်ကုန်ကြမ်းများ ၁ ဒသမ ၇၀၇ ဒေါ်လာသန်း၊ အခြားပစ္စည်းများ ၁ ဒသမ ၆၀၉ ဒေါ်လာသန်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ သုည ဒသမ ၇၃၃ ဒေါ်လာသန်း၊ ဆေးဝါးပစ္စည်းများ သုည ဒသမ ၄၁၆ ဒေါ်လာသန်း၊ ဓာတုဗေဒ သုည ဒသမ ၄၁၄ ဒေါ်လာသန်း၊ စက်နှင့်စက်ပစ္စည်းများ သုည ဒသမ ၃၄၃ ဒေါ်လာသန်း၊ တာယာနှင့်ကျွတ် သုည ဒသမ ၂၂၉ ဒေါ်လာသန်း၊ တွင်းထွက်(သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ သုည ဒသမ ၁၈၁ ဒေါ်လာသန်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ သုည ဒသမ ၁၃၀ ဒေါ်လာသန်းတို့ဖြစ်သည်။

ငွေလဲနှုန်းအနေဖြင့် ယခုအပတ်တွင် တစ်ဘတ်လျှင် ၉၈ ဒသမ ၅၂ ကျပ် ဖြစ်ကြောင်းသိရသည်။

## ဆောင်းနေကြာနှင့် ဆောင်းမြေပဲသီးနှံစိုက်ပျိုးမှုအခြေအနေ

ကံမ ဇန်နဝါရီ ၁၅

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် တောင်သူများ သွင်းအားစု အမှန်တကယ်သုံးစွဲမှုရှိစေရေး၊ အရည်အသွေးပြည့်မီသည့်သီးနှံများ အထွက်နှုန်းကောင်းမွန်စွာ ရရှိစေရေး၊ ထွက်ရှိလာသည့်သီးနှံများကို အစုအဖွဲ့စနစ်ဖြင့် ရောင်းချနိုင်ရေးရည်ရွယ်၍ ဆီထွက်သီးနှံများဖြစ်သော ဆောင်းနေကြာ ၆၃၀၂ ဧကနှင့် ဆောင်းမြေပဲ ၄၆၃၁ ဧကအား စိုက်ပျိုးရန်လျာထားလျက်ရှိရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ထိ ဆောင်းနေကြာသီးသန့် စိုက်ဧ ၃၃ ဧကနှင့် သီးညှပ်စိုက်ဧက ၁၂၁၁ ဧက စုစုပေါင်း စိုက်ပျိုးပြီး ဧက ၁၂၄၄ ဧကနှင့် ဆောင်းမြေပဲဧက ၅၂၃၇ ဧကကို အောင်မြင်စွာ စိုက်ပျိုးပြီးဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကံမမြို့နယ် ကျေးရွာအုပ်စု ၅၄ အုပ်စုအတွင်းရှိ ဓမ္မသော်ကျေးရွာတွင် ဆောင်းနေကြာသီးနှံ ၃၉၃ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

သတင်းရင်းမြစ် စီးပွား/ကူးသန်း

### ၁၅.၁.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၈၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၃၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၈၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၆၅၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၂၀၀ | ၉၅၀၀ | ၇၀၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၃၀၀ | ၁၆၅၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၄၀၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၈၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၂၀၀ | | ၅၂၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၀၀၀ | | ၄၇၀၀ | ၁၆၀၀၀ | ၅၆၅၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | | ၆၆၀၀ | ၁၇၀၀၀ | ၅၇၀၀ | ၁၄၅၀၀ | ၄၀၀၀ | ၁၈၅၀၀ | ၁၄၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၄၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၄၀၀၀ | ၃၉၀၀ | ၁၇၅၀၀ | ၁၂၅၀၀ | ၉၀၀၀ | ၇၇၀၀ | ၁၁၀၀ | ၉၅၀၀ | ၆၇၀၀ | ၃၅၀၀ | ၃၇၀၀ | ၄၃၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၄၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၄၅၀ | ၁၈၀၀၀ | ၄၀၀၀ | ၂၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၃၅၀ | | ၅၂၅၀ | ၁၆၀၀၀ | ၅၆၈၀ | ၁၆၀၀၀ | ၂၈၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၈၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၉၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၅၀၀၀ | | ၇၅၀၀ | ၃၅၀၀၀ | ၅၄၀၀ | ၆၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၃၂၀၀၀ | ၃၂၀၀၀ | ၃၂၀၀၀ | |
| ၁၃ | ဟားခါး | ၆၆၀၀ | | ၈၀၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | ၄၄၀၀ | ၅၆၀၀ | ၁၂၅၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၂၀၀၀ | ၅၉၅၀ | ၁၂၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၄၀၀ | ၅၅၀၀ | ၃၃၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၃၀၀ | | ၅၃၀၀ | ၁၂၅၀၀ | ၅၇၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၀၀၀ | ၂၈၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၈၅၀၀ |
| ၁၇ | မကွေး | ၃၄၀၀(သစ်) | | ၆၇၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀ | ၆၂၀၀ | ၆၂၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၀၀၀ | ၁၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၁၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၃၂၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၁၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၅၅၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၅၅၀ | ၁၆၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၂၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၂ | ကလေး | ၃၀၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၈၀၀၀ | ၂၄၀၀၀ | ၅၀၀၀ | | ၁၅၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၈၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၃၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

## ဘုတ်ပြင်းမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စားပြု ခရိုင်ရုံးသစ်ဖွင့်ပွဲ ကျင်းပ

ဘုတ်ပြင်း ဇန်နဝါရီ ၁၅

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြုခရိုင်ရုံးရုံးသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဘုတ်ပြင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ကော့သောင်းခရိုင်နှင့် ဘုတ်ပြင်းခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ဝန်ကြီးဌာနကိုယ်စားပြု ဘုတ်ပြင်းခရိုင်ရုံးသစ် ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဘုတ်ပြင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ကျော်အောင်၊ ကော့သောင်းခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းတို့က ခရိုင်ရုံးသစ်ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရုံးသစ်ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဘိုကလေးဈေးလမ်း၊ အမှတ်(၁၉/၂၁)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၄)ထပ်တိုက်အနက်မှ အခန်း(၃)၊ ပထမထပ်၊ ဝဲဘက်၊ အကျယ်အဝန်း (၂၅x၆၀)ပေရှိ တိုက်ခန်း (၁)ခန်းနှင့် ရေ၊ မီးအစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသူရကိုကို [၁၂/ကတတ(နိုင်)၀၂၅၇၆၆]မှ အခန်းအမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နီလာ[၁၂/ကတတ(နိုင်)၁၃၁၄၁၄]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း (မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မာမာသိန်း(LL.B) ဒေါ်နီနီဝင်း(LL.B) ဦးထွန်းသူအောင်(LL.B)**
**(စဉ်-၈၇၉၂) (စဉ်-၅၁၇၁၈) (စဉ်-၅၅၇၆၄)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**အမှတ်(၃၆)၊ မြေညီထပ်၊ (၈၉)လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၈၈၆၀၅၊ ၀၉-၅၀၆၄၉၅၉**

### ❂ ရီးယဲလ်မက်ဒရစ်မှ

ဘယ်လင်ဂမ်ကတော့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ပထမဆုံးဆုဖလားကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ စပိန်စူပါဖလားကို (၁၄)ကြိမ်အထိ စံချိန်တင်ရယူဆွတ်ခူးထားတဲ့အသင်းဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းကတော့ အခုပွဲစဉ်မှာ ဘာစီလိုနာအသင်းကို အနိုင်ရရှိလိုက်တာကြောင့် အယ်လ်ကလက်စီကို ပြိုင်ပွဲသုံးပွဲဆက်တိုက် နိုင်ပွဲရရှိခဲ့တဲ့မှတ်တမ်းကိုလည်း စိုက်ထူနိုင်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ်





**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## မြန်မာဂန္ထဝင်တေးသံရှင်ကြီး ဦးမောင်မောင်ကြီး အသက် ၉၃ နှစ်အရွယ်တွင် ကွယ်လွန်

မြန်မာဂန္ထဝင်တေးသံရှင်ကြီး ဦးမောင်မောင်ကြီးသည် ဇန်နဝါရီ ၁၅ ရက် တနင်္လာနေ့ ညနေ ၃ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ လူကြီးရောဂါဖြင့် မိသားစုအားလုံး၏ရှေ့မှောက်တွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။

"အဘိုးက အစားကောင်းကောင်းစားနိုင်တယ်။ ထမင်းနဲ့ဟင်းကို ဒီအသက်အရွယ်အထိစားနိုင်တယ်။ မနက်ဆို နွားနို့နဲ့ပေါင်မုန့်စားတယ်။ နေ့ခင်းစာ ထမင်းနဲ့ဟင်း၊ မွန်းလွဲပိုင်းမှာ ကွေကာအုပ်၊ဘီစကွတ်စားတယ်။ နေ့လယ်ပိုင်းလောက် အိပ်စက်အနားယူတယ်။ သက်ကြီးပိုင်းနေထိုင်မှုကို အေးအေးလူလူဖြတ်သန်းနေတာပါ။ တေးသံရှင် ဒေါ်ရီလေးရဲ့ ရက်လည်ကို ကိုယ်တိုင်သွားရောက်ခဲ့သေးတယ်။ ဘိုးဘိုးရော ဘွားဘွားရော နှစ်ယောက်စလုံးသွားတာ။ အသက်အရွယ်ကြီးလာတော့ အမြဲတမ်းတွေ့မြင်နေကျသူတွေကိုတော့ ချက်ချင်းမှတ်မိပေမယ့် မတွေ့တာကြာတဲ့သူတွေကိုတော့ ချက်ချင်းမမှတ်မိတာမျိုးတော့ဖြစ်လာတယ်။ ဘိုးဘိုးက မိသားစုနဲ့ အပြင်သွားလာရတာကြိုက်လို့ အပြင်ကိုခဏခဏသွားဖြစ်ပါတယ်။ ခုနောက်ပိုင်းရက်တွေမှာတော့ အိမ်မှာပဲအနေများတယ်။ ဘွားဘွားကလည်း အသက်အရွယ်အရ ဘိုးဘိုးကို အပြင်သိပ်မသွားစေချင်တာလည်းပါပါတယ်။ ဇန်နဝါရီ ၆ ရက်က စက်မှုတက္ကသိုလ် ၁၉၇၀ ပြည့်နှစ် ကျောင်းသားဟောင်းများစုစည်းထားတဲ့ မြန်မာသံစဉ်ချစ်မြတ်နိုးသူများအဖွဲ့က ဘိုးဘိုးကိုလာရောက် ဂါရဝပြုကန်တော့ကြတော့ အဲဒီအဖွဲ့နဲ့ ဘိုးဘိုးက သီချင်းတွေဆိုလိုက်သေးတယ်။ အကျည်းတန်ချစ်သူ အပါအဝင်ပေါ့။ အဲဒီသီဆိုမှုဟာ ဘိုးဘိုးရဲ့နောက်ဆုံးနှုတ်ဆက်သီချင်း ဖြစ်သွားခဲ့ရတော့တာပေါ့"ဟု ဆရာကြီး၏ မြေးဖြစ်သူ မအိမ့်သီရိဇော်က ပြောသည်။



ဂန္ထဝင်တေးသံရှင် ဆရာကြီး၏ ငယ်နာမည်မှာ မောင်မောင်ဖြစ်သည်။ ဆရာကြီးကို ဖခင်ဦးကင်စိန်၊ မိခင်ဒေါ်ညွန့်ရင်တို့က ၁၉၃၁ ခုနှစ် မတ်လ ၁၈ ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။

မြန်မာသံစဉ်၊ မြန်မာဂန္ထဝင်တေးသံရှင်ကြီး ဦးမောင်မောင်ကြီးသည် ဂီတနယ်ပယ်သို့ ၁၆ နှစ်သားအရွယ် ၁၉၄၇ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့သည်။ ဂီတဆရာဦးလှဖေနှင့် အဆိုတော်ဦးအလီတို့ထံတွင် မဟာဂီတသီချင်းကြီးများကို လေ့လာဆည်းပူးသင်ယူခဲ့သည်။ အသက် ၂၂ နှစ်အရွယ်တွင် ၁၉၅၃ခုနှစ် ရွှေတိဂုံအနောက်ဘက်မုခ်တွင် ကျင်းပသော ယဉ်ကျေးမှုအနုပညာပြပွဲပြိုင်ပွဲ၌ မဟာဂီတအဆို ရွှေတံဆိပ်ဆုကို ရရှိခဲ့သည်။

ကာလပေါ်တေးသီချင်းများကို ဂီတလုလင်အဖွဲ့၊ ဂီတလုလင်မောင်ကိုကိုအဖွဲ့၊ ချိုတေးဆက်အဖွဲ့၊ စစ်ရုံးအဖွဲ့၊ ကေသီပန်အဖွဲ့၊ စန္ဒရားနီနီအဖွဲ့၊ စန္ဒာအဖွဲ့၊ စန္ဒရားချစ်ဆွေအဖွဲ့၊ ပျဉ်းမနားမြင့်လှိုင်အဖွဲ့တို့တွင် ပါဝင်သီဆို အသံလွှင့်ခဲ့သည်။

မဟာဂီတသီချင်းကြီးများကို စောင်းဦးခင်မြင့်အဖွဲ့နှင့် ရွှာစားစိန်ဗိုလ်တင့်အဖွဲ့တို့တွင် သီဆိုကာ အသံလွှင့်ခဲ့သည်။ ရေဒီယို အသံလွှင့်တေးသီချင်းများအပြင် ရုပ်ရှင်သီချင်းများ၊ ရောင်းတမ်းဝင်ဓာတ်ပြားသီချင်း အများအပြားသီဆိုခဲ့သည်။

"မြန်မာသံစဉ် ဂန္ထဝင်တေးသံရှင်ကြီးပါ။ တန်ဖိုးကြီးအရာတစ်ခု ဆုံးရှုံးလိုက်ရတာပါပဲ။ ဆရာကြီး ကျေးဇူးကြောင့် မင်းကွန်းဆရာတော်ကြီးကို အနီးကပ်ဖူးတွေ့ခွင့်ရရှိခဲ့တာ။ မင်းကွန်းမဂ္ဂဇင်းကြီးအတွက် တေးထပ်တစ်ပုဒ်ကို ရေးဖွဲ့ပြီး လိုအပ်သလိုအသုံးပြုပါလို့ ဦးမောင်မောင်ကြီးကို အပ်လိုက်တာ အဲဒီပွဲမှာကို ကျွန်တော့်ကို ကိုယ်တိုင်သီဆိုခိုင်းတယ်ဗျာ။ ဆရာကြီးဦးသုခတို့ ရှေ့မှာထားပြီး ဆိုရတာဆိုတော့ လူကတုန်တောင်တုန်နေခဲ့တယ်။ အဲဒါကတော့ ဦးမောင်မောင်ကြီးနဲ့ပတ်သက်လို့ အမှတ်တရအရှိဆုံးပါပဲ။ အဲဒီပွဲကို စာပေအဖွဲ့ရော ဂီတအဖွဲ့ရော သီးခြားဆီသွားကြပြီး မန္တလေးမှာဆုံကြတယ်။ အဲဒီကမှ မင်းကွန်းကိုသင်္ဘောနဲ့စုစည်းသွားကြတာ။ သင်္ဘောပေါ်မှာ ဦးမောင်မောင်ကြီးလည်းပါတယ်။ ဒေါ်ခင်နှင်းယု၊ ဒေါ်တင်တင်မြ၊ ရုပ်ရှင်မင်းသမီး ဒေါ်မြင့်မြင့်ခင်တို့လည်း ပါသေးတယ်၊ အဖွဲ့ခေါင်းဆောင်က ဒေါက်တာသာလှပေါ့။ ပန်းပန်လျက်ပါ အဖွဲ့သားတွေ အားလုံးနီးပါး ပါကြတယ်လို့ဆိုရမယ်။ ကွယ်လွန်သွားတာကြားရတော့ အတော်လေး စိတ်မကောင်းဖြစ်ရပါတယ်။ ကျွန်တော်တို့အတွက်တော့ အစားထိုးမရနိုင်တဲ့ ဆုံးရှုံးမှုကြီးပါပဲဗျာ"ဟု စာရေးဆရာ၊ကဗျာဆရာ တစ်သက်တာစာပေဆုရှင် ဆရာကြီးဦးသူရဇော်က ပြောသည်။

မြန်မာသံစဉ်ဂန္ထဝင်တေးသံရှင်ဦးမောင်မောင်ကြီးသည် ၁၉၆၄ ခုနှစ်တွင် မြန်မာနိုင်ငံဂီတကောင်စီတွဲဖက်အတွင်းရေးမှူး၊ ၁၉၈၅ ခုနှစ်တွင် လမ်းမတော်မြို့နယ် ဂီတကောင်စီဥက္ကဋ္ဌ၊ ၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံဂီတပညာရှင်များအဖွဲ့ချုပ် အတွင်းရေးမှူး၊ ၂၀၀၅ ခုနှစ်မှ ကွယ်လွန်ချိန်အထိ မြန်မာနိုင်ငံဂီတအစည်းအရုံး နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ကာလပေါ်တေးသီချင်းများ စိစစ်ရေးဘုတ်အဖွဲ့၊ ခေတ်ဟောင်းတေးရေးပညာရှင်ကြီးများ၏ တေးသီချင်းနှင့် အတ္ထုပ္ပတ္တိစိစစ်ရေးအဖွဲ့၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုအဖွဲ့ (ဗဟိုအဆင့်)တို့တွင် အကဲဖြတ်အဖြစ် ကွယ်လွန်ချိန်အထိဆောင်ရွက်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် လူမှုထူးချွန်ပထမအဆင့်ကို ချီးမြှင့်ခံခဲ့ရသည်။ ထို့နောက် လူမှုထူးချွန်တတိယအဆင့်ကို ချီးမြှင့်ခံခဲ့ရသည်။

မြန်မာသံစဉ်ဂန္ထဝင်တေးသံရှင်ကြီး ဦးမောင်မောင်ကြီးသည် စည်သူဘွဲ့ကိုလည်း ချီးမြှင့်ခံခဲ့ရသည်။ တစ်ခုတည်းသောရည်မှန်းချက်၊ နှစ်ဆင့်မေတ္တာ၊ နွဲ့နှောင်း၊ ရွှေညာဆီသွားမယ်၊ အကျည်းတန်ချစ်သူ၊ ကွမ်းတောင်ကိုင်၊ အိပ်မက်နိုင်ငံ၊ မေတ္တာဇာတ်လမ်း၊ ပင်တိုင်ကျော့မှူး၊ ဝေးပြီမွေးရယ်၊ တန်ပ့ါမဖုရား၊ မေတ္တာနုနုစေလာရင်ကွယ်၊ စိမ်းလဲ့ညို၊ အချစ်ကိုဘယ်လိုပြောရမယ်၊ ကျမျက်ရည် မကြေညာစတမ်း၊ အမိုက်မလေးငှက်ငယ်၊ သစ်ခြောက်ပင်အောက် ပန်းကောက်သူ၊ လွမ်းအိပ်မက်က သံသရာရှည်၊ ကျိုက္ခမီသောင်ယံမှ မောင်းမကန်အိပ်မက် စသည့်တေးသီချင်းများသည် မြန်မာသံစဉ်ဂန္ထဝင်တေးသံရှင်ကြီး ဦးမောင်မောင်ကြီး၏ အောင်မြင်ကျော်ကြားလူကြိုက်များခဲ့သည့် တေးသီချင်းအချို့ပင်ဖြစ်သည်။

ဂန္ထဝင်တေးသံရှင်ကြီး ဦးမောင်မောင်ကြီး ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ဝင်းဝင်းမြင့်၊ သား ဦးကျော်ကျော်နိုင်၊ သမီးဒေါ်ကေသီနိုင်နှင့် မြေးနှစ်ဦး ကျန်ရစ်ခဲ့ကြောင်း သိရသည်။ **မင်းထက်နိုင်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ပြည်သူ့ကွက်သစ် (၂)လမ်း၊ အမှတ် (၈) ဟုခေါ်တွင်သော (၂) ခန်းတွဲ၊ (၆)ထပ်အဆောက်အဦ၏ ၅-လွှာ(ဘီ)၊ အကျယ်အဝန်း (အလျား ၁၂ ⅔ ပေx အနံ ၅၀ပေ)ရှိ တိုက်ခန်းနှင့် တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် လျှပ်စစ်မီတာ၊ ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးအောင်မြတ်ကျော် [၁၂/ဥကမ(နိုင်)၀၁၀၅၄၄]နှင့် နော်အဲဗားကရင် [၃/သတန(နိုင်)၀၁၈၉၂၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမျိုးသူရအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၁၄၈)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၄၃၁၁၃၂၁၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ၁။ ဦးခင်ဇော် [၁၂/ဒပန(နိုင်)၀၁၉၄၄၈]၊ ၂။ ဒေါ်ဒေစီအုန်း [၁၂/ဒပန(နိုင်) ၀၁၉၈၀၅]သည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာအုပ်စု၊ သောကတော်တွင်းတိုးချဲ့၊ ကွင်းအမှတ်(၆၈၄)၊ ဦးပိုင်အမှတ်(၃၈/က)၊ ဧရိယာ (၁၁.၇၅)ဧကရှိ ဦးကြီးငွေ အမည်ပေါက် လယ်ယာမြေအနက် မြေကွက်အမှတ် (၁၃)ဟုခေါ်တွင်သော အကျယ်အဝန်း အလျား(၄၀)ပေx အနံ(၆၀)ပေ ဟုခေါ်တွင်သော မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်သူ ရောင်းချပိုင်ခွင့်ရှိသူ ၁။ ဦးသန်းဇော်မင်း [၇/မညန(နိုင်)၀၆၈၄၉၉]၊ ၂။ ဒေါ်အိအိစိုး [၁၂/သဃက(နိုင်)၁၆၂၇၆၂]တို့ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ပေရယ်စိုး (LL.B,D.B.L,DL–101(WIPO)(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၀၈၅)**
**အမှတ်–၁၁၊ ဘုရားနီလမ်းသွယ်(၆)လမ်း၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ သန်လျင်မြို့နယ်။ 09–250934003, 09–423008060**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၉)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၉)၊ BRILLIANCE MANSION CONDO, BUILDING R–2, (၈)လွှာ၊ အခန်းအမှတ်(၀၈၀၈)၊ ဧရိယာ (၉၂၉.၁၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းတွင်ပါဝင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကုမ္ပဏီကိုယ်စား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော Red Roof Investment Development Co Ltd (ကိုယ်စား) ဒါရိုက်တာ ဒေါ်သင်းနုနုနိုင် [၁၃/တကန(နိုင်)၃၀၅၉၂၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးအောင်ကျော် [၁၂/ဥကမ(ဧည့်)၀၀၀၁၉၃)နှင့် ဒေါ်ဝါဝါလှိုင် [၁၂/ကတတ(နိုင်)၀၂၁၉၅၄]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော် နှင့် ဒေါ်ဝါဝါလှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင် (LL.B, LLM)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၉၇၆၅)** |
| **ဖုန်း– ၀၉–၅၄၀၁၉၄၀** | **ဖုန်း– ၀၉–၄၂၈၂၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အနောက်၊ မြေကွက်အမှတ်– ၈၂/ခ၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၈၂/ခ)၊ ဇမ္ဗူသီရိ (၃)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်လှနွဲ့ (TGA–၀၀၈၄၅၂) အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်လှနွဲ့ (TGA–၀၀၈၄၅၂) (မိခင်)နှင့် ဦးချစ်စိန်(ဖခင်)တို့ ကွယ်လွန်၊ ၎င်းတို့၏ သားသမီး (၇)ဦးအနက် သားတစ်ဦးဖြစ်သူ မောင်နိုင်လွင်သည် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ကြသဖြင့် ကျန်သားသမီးများဖြစ်ကြသော (၁) ဒေါ်အေးသန်း [၁၂/သကတ(နိုင်)၀၉၂၄၆၂]၊ (၂) ဦးမြင့်ဆန်း [၁၂/သကတ(နိုင်)၀၉၆၈၅၃]၊ (၃) ဒေါ်သိန်းသိန်းမြင့် [၁၂/သကတ(နိုင်)၁၄၁၀၆၀]၊ (၄) ဦးအောင်မိုးဇော် [၁၂/သကတ(နိုင်)၁၁၀၂၃၉]၊ (၅) ဒေါ်ခင်ဝေ [၁၂/ကတန(နိုင်)၀၅၇၅၂၂]၊ (၆) ဦးအေးပိုင် [၁၂/သကတ(နိုင်)၀၃၄၉၄၉]တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်– ၈၉၁၉/၂၀၂၃ (၁၉–၅–၂၀၂၃)ဖြင့်ရသူ ဦးဘုန်းထက် [၁၂/သဃက(နိုင်)၀၉၄၅၃၂]မှ အမည်ပေါက် ဒေါ်လှနွဲ့(မိခင်)နှင့် (ဖခင်) ဦးချစ်စိန်တို့တွင် တရားဝင်သားသမီးများအဖြစ် (၇)ဦးကိုသာ မွေးဖွားခဲ့ကြောင်း၊ အခြားကိတ္တိမသား/သမီး၊ အမွေစားအမွေခံ သားသမီးတစ်ဦးမှ မွေးစားထားခဲ့ခြင်းမရှိခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ သား(၁)ဦးဖြစ်သူ မောင်နိုင်လွင်သည် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပြီး ၎င်းသည် မကွယ်လွန်မီက အခြားကိတ္တိမသားသမီး၊ အမွေစားအမွေခံ သားသမီးတစ်ဦးမှ မွေးစားထားခဲ့ခြင်းမရှိသည်မှာ မှန်ကန်ပါကြောင်း၊ အထက်ပါအိမ်ခြံမြေအား ကျမ်းကျိန်ဆိုသူ မိမိတို့ (၆)ဦးသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ဒေါ်အေးသန်း + ၅ တို့ ကိုယ်တိုင်ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဒေါ်လှနွဲ့(မိခင်)၏ သေဆုံးမှုလက်မှတ်၊ ဦးချစ်စိန်(ဖခင်)နှင့် မောင်နိုင်လွင်(သား)တို့ သေဆုံးခြင်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန၏ သေစာရင်းမှတ်တမ်း ရှာဖွေမတွေ့ရှိသဖြင့် သေစာရင်းမိတ္တူမှန် ထုတ်ပေးခြင်းမပြုနိုင်ကြောင်း ပြန်ကြားစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံစာ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားသည်ကို ပြန်လည်ရုပ်သိမ်းခြင်းမရှိသည်မှာ မှန်ကန်ပါကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားသူများသည် ယနေ့ထိတိုင် သက်ရှိထင်ရှားရှိကြောင်း ကတိသစ္စာပြုလွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၃–၂၀၂၄) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေအသုံးပြု၍ ပုံနှိပ်ပစ္စည်းများလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | – | Tender.20.Press (2023–2024) |
| တင်ဒါစတင်သည့်ရက် | – | ၁၆–၁–၂၀၂၄ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | – | ၃၀ –၁–၂၀၂၄ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း– ၀၆၇၃၄၃၁၀၈၅၊ ၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/၅)တိုးချဲ့၊ လူနေရပ်ကွက်အမှတ်(၄)၊ ကေတုမာလာရိပ်သာ (၂)လမ်း၊ (မြေကွက်အမှတ်– ၃၆/ခ)ဟု အမှတ်သားထားသောနှစ်(၆၀) ဂရန်မြေ၏ အကျယ်အဝန်း(၂၀x၆၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အမှတ်– (၃၆–အေ) အဆောက်အဦနှင့် ဆက်စပ်သည့် အကျိုးခံစားခွင့်အားလုံးတို့နှင့် ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်ရန် ရှိ/မရှိ အများသိစေရန် ကြေညာခြင်း

အထက်လိပ်စာပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက် အဆောက်အဦတို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတင်ဦး [၁၂/ပဘတ(နိုင်)၀၁၇၇၀၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (၁၁–၁–၂၀၂၄)ရက်နေ့တွင် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

